# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

**သံသရာခရီးသည်များအနေဖြင့် မသေချာမှုများကြားမှ သေချာသည်ထက် သေချာအောင်.....**



ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး ဇီဝနည်းပညာ သုတေသနများ ထိရောက် ပီပြင်စွာ ဆောင်ရွက်ပေး**

စာမျက်နှာ » ၈

ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

**တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး) တို့ရရှိ**

စာမျက်နှာ » ၉



နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တွေ့ရစဉ်။

# နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ဇုန် လေးဇုန်ခွဲ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် ဧပြီ ၁၀

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန်အတွက် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်အကြိုနေ့မှစတင်၍ ပျဉ်းမနား - တောင်ညိုလမ်းမပေါ်ရှိ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ညှော့ရိပ်သာလမ်းဆုံအထိ ဇုန်များသတ်မှတ်ကာ ဝန်ထမ်းများနှင့် ပြည်သူများအားလုံး ချစ်ကြည်ရင်းနှီးစွာဖြင့် ပျော်ရွှင်မှုရရှိစေရန်ရည်ရွယ်၍ ခေတ်နှင့်အညီ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန်အတွင်း ထူးခြား၍ ခမ်းနားမှုရှိစေရန် ဇုန်လေးဇုန် သတ်မှတ်ထားကြောင်း၊ ဇုန်(၁)အတွင်း သနပ်ခါးသင်္ကြန်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



**အိန္ဒိယသမ္မတ ဒရောပါဒီမာမူ တိုက်လေယာဉ်ပေါ် လိုက်ပါစီးနင်းသည့် တတိယမြောက်သမ္မတ ဖြစ်လာ**

စာမျက်နှာ » ၁၃

**သတိပြုရမည့် လျှပ်စစ်ဓာတ်အား တပ်ဆင်သုံးစွဲမှုများ**

ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၃ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ**

စာမျက်နှာ » ၁၁

လူငယ်နှင့်ဘဝ အောင်မြင်ရေး

**အလုပ်ရအောင်ရှာနည်း**

စာမျက်နှာ » ၂၀

**ကံကောင်းသူဖြစ်ချင်သလား**

စာမျက်နှာ » ၂၁

ကြေးမုံ

# ထူးခြားသည့်ပထဝီအနေအထား ပိုင်ဆိုင်ထားသည့် မြန်မာ့အောင်မြေ

မြန်မာနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်။ ရေပြင်၊ မြေပြင် ထူးခြားသောပထဝီအနေအထားများ ပိုင်ဆိုင်ထားသည်။ ကမ္ဘာ့မြေပုံပေါ်၌ အာရှတိုက်အရှေ့တောင်ပိုင်း အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးအတွင်း မြောက်ဘက်တွင် တိဘက်နှင့် တရုတ်နိုင်ငံ၊ အရှေ့ဘက်တွင် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သော ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့နှင့် ထိစပ်လျက်ရှိသည်။ ကုန်းတစ်ခြမ်း၊ ရေတစ်ခြမ်း မျက်နှာနှစ်ဖက်ပွင့်နေသည့် ထူးခြားသောပထဝီအနေအထားပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် သင့်တင့်ကောင်းမွန်သည့်ဆိပ်ကမ်းများ အထိုက်အလျောက်ရှိသောကြောင့် ရှေးက အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသများ၊ အာရပ်၊ ပေါ်တူဂီ စသည့်အနောက်နိုင်ငံလူမျိုးများ လာရောက်ခဲ့ကြသည်။ ဘာသာရေး၊ ပညာရေး၊ စီးပွားရေးတို့၌ တိုးတက်မှုများရှိခဲ့သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထား၊ ရေမြေသဘာဝနှင့် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်၍ အထူးသဖြင့် အနောက်နိုင်ငံများက စိတ်ဝင်စားသည်။

မြန်မာနိုင်ငံတောင်ဘက်ရှိ ပင်လယ်ရေပြင်တွင် မြန်မာနိုင်ငံပိုင်နက်အထိမ်းအမှတ်တစ်ခုအဖြစ် ကိုကိုးကျွန်းစုတစ်စုကို မြေပုံပေါ်တွင် အထင်အရှားတွေ့ရမည်ဖြစ်သည်။ ကိုကိုးကျွန်းသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်နှစ်ခု ဆက်စပ်နေသောနေရာတွင်တည်ရှိသည်။ နိုင်ငံတကာပိုင်နက်စည်းမျဉ်းဥပဒေတွင် ကမ်းခြေမှ ၁၂ မိုင်အကွာအဝေးကို နိုင်ငံပိုင်နယ်နိမိတ်၊ နိုင်ငံပိုင်ကမ်းခြေမှ မိုင် ၂၀၀ အထိကို အထူးစီးပွားရေးဇုန်အဖြစ် ဆောင်ရွက်နိုင်သည်ဟု သတ်မှတ်ထားသည်။ ထို့ကြောင့် ပင်လယ်နှစ်ခုကြားမှ မြန်မာပိုင်ကျွန်းမြေ၊ မြန်မာပိုင်ကမ်းခြေဖြစ်သော ကိုကိုးကျွန်းသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကင်းစင်သည့်နေရာ၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်နည်းပါးစွာရှိသည့်နေရာ၊ မဟာဗျူဟာအချက်အချာကျသော ထူးခြားသည့်နေရာတစ်ခုဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့ ဆက်စပ်သည့်နေရာတွင်တည်ရှိသော ကိုကိုးကျွန်း၌ မင်္ဂလာကျွန်း၊ စလစ်ပါကျွန်း၊ ကြွက်ကျွန်း၊ ဂျယ်ရီကျွန်း၊ ကိုကိုးလေးကျွန်း စသည့်ကျွန်းများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ရန်ကုန်မြို့မှ ရေမိုင် ၂၄၂ မိုင်အကွာ၊ ဟိုင်းကြီးကျွန်းမှ ရေမိုင် ၁၂၅ မိုင်အကွာတွင် တည်ရှိသည့် မြန်မာနိုင်ငံ၏ အထိမ်းအမှတ်ကျွန်းဆွယ်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကိုကိုးကျွန်းသို့ ရောက်ရှိသည့်ခရီးစဉ်အတွင်း ကပ္ပလီပင်လယ်ပြင်(အက်ဒမန်ပင်လယ်)နှင့် ဘင်္ဂလားပင်လယ်အော် ဆုံမှတ်နေရာတွင် အထိမ်းအမှတ်ကျောက်တိုင်တစ်ခုကို စိုက်ထူရန် လမ်းညွှန်ချက်အရ အဆိုပါဆုံမှတ်တည်နေရာတွင် ဧပြီလ ၉ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူဖွင့်လှစ်ပေးနိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ အထင်ကရနေရာတစ်ခုဖြစ်လာသည်။

ဘင်္ဂလားပင်လယ်အော်သည် ကမ္ဘာပေါ်ရှိ ပင်လယ်အော်များအနက် ရေပြင်အကျယ်ဆုံးပင်လယ်အော်ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်သည် အိန္ဒိယသမုဒ္ဒရာ၏ အရှေ့မြောက်ဘက် အစွန်အဖျားအကျဆုံး ရေပြင်ဖြစ်ပြီး အရှေ့ဘက်တွင် မုတ္တမပင်လယ်ကွေ့တစ်လျှောက်ရှိ မြန်မာနိုင်ငံကမ်းရိုးတန်း၊ ထိုင်းနိုင်ငံကမ်းရိုးတန်းနှင့် မလေးကျွန်းဆွယ်၊ အနောက်ဘက်တွင် အက်ဒမန်နှင့် နီကိုဘားကျွန်းတို့တည်ရှိသည်။ ကပ္ပလီပင်လယ်ပြင်၏ တောင်ဘက်အကျဆုံးနေရာတွင် နိုင်ငံတကာကုန်သွယ်ရေကြောင်း၏ အဓိကအရေးပါသည့် ရေလက်ကြားတစ်ခုဖြစ်သော မလ္လကာရေလက်ကြားနှင့်လည်း ဆက်စပ်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ဆက်စပ်နေရာဖြစ်သည့် ကိုကိုးကျွန်း၏မြောက်ဘက်၌ ပါလီပါလဲ့ ရေလမ်းကြောင်း၊ တောင်ဘက်၌ ကိုကိုးရေလမ်းကြောင်းများတည်ရှိပြီး ၎င်းရေလမ်းကြောင်းများမှ နှစ်စဉ် နိုင်ငံခြားကုန်သွယ်ရေယာဉ် အစင်းရေ ၈၀၀၀ ခန့် ဖြတ်သန်းသွားလာလျက်ရှိသဖြင့် နိုင်ငံတကာရေကြောင်းကုန်သွယ်မှုအတွက်သာမက မြန်မာနိုင်ငံ ရေကြောင်းအကျိုးစီးပွားအတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံတောင်ဘက်ပိုင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ဆက်စပ်နေရာဖြစ်သည့် ကိုကိုးကျွန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထင်ကရပိုင်နက်နယ်မြေဖြစ်သည့်အပြင် ထူးခြားသောဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားသဖြင့် ယခုအခါ မြန်မာနိုင်ငံ၏ အောင်မြေအဖြစ် ဂုဏ်ယူဖွယ်ရာ ပေါ်ထွန်းလာပြီဖြစ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ လှူဒါန်း

လွိုင်ကော် ဧပြီ ၁၀



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် ကယားပြည်နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းဆန်တော်အခက်အခဲ မရှိစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ဘောလခဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးသက်နောင်ဦးနှင့် ဝန်ထမ်းများသည် ဘောလခဲမြို့ မင်းကျောင်းတိုက်ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကယားပြည်နယ်အတွင်းရှိဆွမ်းဆန်တော်အခက်အခဲရှိသောဘုန်းတော်ကြီးကျောင်းများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ၌ ရှမ်းရိုးရာရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၀

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု ဝန်ပြန်ကျေးရွာ၌ အလှူ့ရှင် ဦးအောင်ကျော်ဖြိုး(ခ)ဦးရှမ်း-ဒေါ်နီလာ(ခ)ဒေါ်ရှမ်းမတို့က ဝဲကြီးနေမျိုးနွယ် ပရိယတ္တိစာသင်တိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဝဲကြီးဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ ဆရာတော်ကြီးအား အမှူးပြု၍ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲကို ယနေ့တွင် စတင်ကျင်းပသည်။



အဆိုပါ ရှင်ပြုနားသအလှူတော်မင်္ဂလာပွဲကို ရှမ်းရိုးရာအစဉ်အလာအတိုင်း ရှင်လောင်းလှည့်ခြင်း၊ ရှမ်းရိုးရာအိုးစည်၊ ရှမ်းရိုးရာမောင်း၊ ပအိုဝ်းရိုးရာအိုးစည်တို့ဖြင့် စည်ကားစွာကျင်းပခဲ့သည်။

### ကျင်းပသွားမည်

ဧပြီ ၁၁ ရက်တွင် မောင်ရှင်လောင်းများကို ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် မြတ်ဗုဒ္ဓအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကာ ဘုရားအမှူးရှိသည့် သံဃာတော်အရှင်သူမြတ်တို့၏ ဟောကြားတော်မူအပ်သော အလှူရေစက်ချတရားတော်မြတ်အား နာယူကာ အလှူပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဘီ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း ၄ ဒသမ ၉၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** - ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တွေ့ရစဉ်။





❂ ရှေ့ဖုံးမှ

ဇုန်(၂)အတွင်း တိုင်းရင်းသားသင်္ကြန်၊ ဇုန်(၃) အတွင်း မြန်မာမှုမပျောက်ပျက်စေရန်နှင့် နိုင်ငံတကာအဆင့်တန်းမီ အလှပြဖျော်ဖြေရေးအစီအစဉ်များနှင့် ဇုန်(၄) အတွင်း လူငယ်နှင့် ကလေးငယ်များအတွက် လူငယ်ဂိမ်းသင်္ကြန်အစီအစဉ်များ ထည့်သွင်းစီစဉ်ထားကြောင်း Brilliant Aura Co.,Ltd မှ Business Development Director ဒေါ်ဆုမြတ်လွင်က ပြောသည်။

**ကဏ္ဍာပေါင်းစုံထည့်သွင်း**

"သနပ်ခါးသင်္ကြန်ဆိုတာက အလွန်ထူးခြားတဲ့အစီအစဉ်လေးပါ။ ဘယ်မှာမှ မလုပ်ခဲ့ဘူးသေးပါဘူး။ သနပ်ခါးတွေလိမ်းခြယ်ပြီး ပျော်ပါးလို့ရအောင် စီစဉ်ပေးခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားသင်္ကြန်ဇုန်မှာတော့ တိုင်းရင်းသားယဉ်ကျေးမှုတွေကို ပြသမှာပဲဖြစ်ပါတယ်။ ဂိမ်းဇုန်မှာတော့ ခေတ်မီတဲ့ Colour Party တွေ၊ ကစားတဲ့နေရာတွေ၊ Foam Party တွေနဲ့ ဂိမ်းအစီအစဉ်တွေ အများကြီး စီစဉ်ထားပါတယ်။ လာလည်မယ်ဆိုရင် မပျင်းရလေအောင် ကဏ္ဍာပေါင်းစုံထည့်သွင်းထားပါတယ်"ဟု ၎င်းက ပြောသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍာပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းနီးပါး ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ လူငယ်များသာမက လူကြီးများပါ ပျော်ပျော်ရွှင်ရွှင်နှင့် ပေါ့ပေါ့ပါးပါးဖြစ်စေရန် သေချာဂရုစိုက်ပြင်ဆင်လျက်ရှိကြောင်း၊ သင်္ကြန်အကြိုနေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ မွန်းတည့် ၁၂ နာရီနောက်ပိုင်းတွင် ပိုမိုထူးခြားဆန်းသစ်သည့် အစီအစဉ်ကောင်းများလည်းရှိကြောင်း သိရသည်။

"သင်္ကြန်အကျနေ့ကစပြီး နံနက် ၉ နာရီမှာ လမ်းလျှောက်သင်္ကြန်စဖွင့်ပါမယ်။ နေ့လယ်ပိုင်းမှာ တစ်ခေါက်နားပြီး မွန်းလွဲ ၃ နာရီကနေ ည ၇ နာရီခန့်အထိ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ တခြားအစီအစဉ်တွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လာရောက်လည်ပတ်တဲ့သူတွေအနေနဲ့လည်း ဂိမ်းတွေဆော့မယ်။ နောက်ပြီး ဈေးဆိုင်ခန်းတွေမှာ မိမိကြိုက်နှစ်သက်တဲ့အစားအစာတွေကို စိတ်ကြိုက်စားလို့ရပါမယ်။ စတုဒိသာ မဏ္ဍပ်တွေမှာလည်း စားသုံးလို့ရမယ့်အပြင် ဖျော်ဖြေရေးအစီအစဉ်တွေကိုလည်း ကြည့်ရှုလို့ရမှာဖြစ်ပါတယ်" ဟု Business Development Director ဒေါ်ဆုမြတ်လွင်က ပြောသည်။

ထို့ပြင် လမ်းလျှောက်သင်္ကြန်အား လာရောက်လည်ပတ်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ ပျော်ရွှင်စေလိုသည့်အတွက် ခေတ်မီစွာ ပြင်ဆင်ထားကြောင်း၊ ဝင်ကြေးအနေဖြင့် လူကြီး ငွေကျပ် ၃၀၀၀ နှင့် ကလေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**လူငယ်တွေပျော်ဖို့ စီစဉ်ထား**

"ဝင်ကြေးပေးပြီးရင် နိုင်ငံတကာပွဲတွေအတိုင်း ဝင်ခွင့်လက်ပတ်လေးတွေ ပြန်လည်ပေးမှာဖြစ်ပါတယ်။ ဒီလက်ပတ်တွေမှာလည်း Day 1, Day 2, Day 3 ဆိုပြီးရှိပါတယ်။ Day 1 ဝင်ကြေးလက်ပတ်ကို ဝယ်ပြီးသွားရင် တစ်နေကုန်ဆော့လို့ရပါမယ်။ လူကြီးနဲ့ ကလေးငယ်တွေအတွက် ပျော်စရာကောင်းတဲ့အစီအစဉ်ဖြစ်တဲ့ ရေလျှောလျှောစီးတွေပါမယ်။ ဆပ်ပြာမှုန့်အမြှုပ်တွေနဲ့ ကစားလို့ရတဲ့ပါတီတွေလည်း ပါမှာဖြစ်ပါတယ်။ ကာလာပါတီမှာဆိုရင် DJ Music တွေနဲ့ ရောင်စုံအမှုန့်တွေ ပက်ဖျန်းကစားလို့ရပြီး လူငယ်တွေပျော်ဖို့အတွက် စီစဉ်ထားပါတယ်။ နောက်ထပ် ပေ ၁၅၀ အရှည်ရှိတဲ့ လူကြီးတွေစီးတဲ့ ရေလျှောလျှောစီးပါထည့်ထားပါတယ်။ ကလေးတွေအတွက် ပျော့အိအိကစားကွင်းလည်း ပါဝင်မှာဖြစ်ပါတယ်။ လူငယ်ရော လူကြီးပါ ကစားလို့ရတဲ့ ရေကူးကန်ကြီးလည်း ပါဝင်မှာဖြစ်တဲ့အတွက် အသစ်အဆန်းဖြစ်ပြီး ပျော်စရာလည်းကောင်းတဲ့ အစီအစဉ်လေး ဖြစ်စေမယ်လို့ ထင်ပါတယ်။



နောက်ပြီး လမ်းလျှောက်သင်္ကြန်မှာ အန္တရာယ်ဖြစ်စေမယ့် လက်နက်ကိရိယာတွေ မယူဆောင်လာဖို့ သတိပေးချင်ပါတယ်။ ပြင်ပအစားအသောက် သယ်ဆောင်တာတွေ၊ တစ်ယောက်နဲ့တစ်ယောက် အိနြေ္ဒပျက်ပြားစေမယ့် အပြုအမူတွေ၊ အရက်သေစာ အလွန်အကျွံသောက်သုံးတာတွေကို ထိန်းသိမ်းပေးဖို့အတွက် မေတ္တာရပ်ခံလိုပါတယ်။ တားမြစ်ချက်တွေ အလွန်တင်းကျပ်တာတွေ မလုပ်ထားပါဘူး။ အားလုံးလွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနဲ့ ပျော်စေချင်ပါတယ်။ ဒီလမ်းလျှောက်သင်္ကြန်ကို လာရောက်လည်ပတ်တဲ့အခါ တစ်နေရာတည်းမှာ တစုတစည်းတည်း နိုင်ငံတကာအဆင့်မီ ကစားစရာတွေ၊ စားစရာတွေ ပါဝင်မှာဖြစ်ပါတယ်။ ကလေးတွေအတွက်ဆိုရင်လည်း သင်္ကြန်ဆိုတဲ့ အဓိပ္ပာယ်ကို မိသားစုတွေနဲ့အတူတူ ပုံဖော်ဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်။ နားနေနိုင်တဲ့ နေရာတွေလည်း စီမံပေးထားပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေကအစ အားလုံးအတွက် ပျော်စရာကောင်းပြီး အဆင့်မီတဲ့ ပွဲလေးတစ်ခုဖြစ်မယ်လို့ ယုံကြည်တဲ့အတွက် လာရောက်လည်ပတ်ဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်"ဟု ၎င်းက ပြောသည်။

**အစားအစာများ စားသုံးနိုင်**

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန် ပိုမိုစည်ကားသိုက်မြိုက်စေရန်အတွက် ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာသင်္ကြန် မဏ္ဍပ်တို့တွင်လည်း နိုင်ငံကျော်သရုပ်ဆောင်များ၊ အဆိုတော်များ၏ တေးသီချင်း ဖျော်ဖြေမှုများနှင့် ဝန်ကြီးဌာနများမှ ယိမ်းအကဖွဲ့များ၏ အကအလှများကိုခံစား၍ ပျော်ရွှင်စွာရေပက်ကစားနိုင်မည့်အပြင် စတုဒိသာမဏ္ဍပ်များ၌လည်း အစားအစာများ စားသုံးနိုင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ - အေးသန်း**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သကြ်င်္ကန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ မြန်မာ့ရိုးရာ အတာသကြ်င်္ကန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် နေပြည်တော် လမ်းလျှောက် သကြ်င်္ကန်ကို ပျဉ်းမနား -တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန် မဟာသကြ်င်္ကန်မဏ္ဍပ်အနီးမှ စည်ပင်ဉယျာဉ်ရိပ်သာလမ်းဆုံအထိ မေ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သကြ်င်္ကန် ဘေးကင်းလုံခြုံစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ကြိုတင်ပြင်ဆင်**

နေပြည်တော် လမ်းလျှောက် သကြ်င်္ကန် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လမ်းလျှောက် သကြ်င်္ကန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက် သကြ်င်္ကန် ဘေးကင်းလုံခြုံစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများနှင့် Brilliant Aura Co.,Ltd. တို့မှ တာဝန်ရှိသူများနှင့် နေပြည်တော် လမ်းလျှောက်သကြ်င်္ကန် ကွပ်ကဲရေးမဏ္ဍပ်၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ နေပြည်တော်လမ်းလျှောက်သကြ်င်္ကန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ပြည်သူများ လွတ်လပ်စွာ ရေကစားနိုင်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအလိုက် တာဝန်ယူထားသည့် သကြ်င်္ကန်မဏ္ဍပ်များ၌ ပြည်သူများ လွတ်လပ်စွာ ရေကစားနိုင်စေရေး စနစ်တကျ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ဖျော်ဖြေရေး အစီအစဉ်များအနေဖြင့် အနုပညာရှင်များလည်း ပါဝင်ဆင်နွှဲသွားမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာနအလိုက် ယိမ်းအဖွဲ့များလည်း အလှည့်ကျ ပါဝင်ဆင်နွှဲသွားမည် ဖြစ်ပါကြောင်း။

လမ်းလျှောက် သကြ်င်္ကန်သို့ လာရောက်မည့် ဝန်ထမ်းနှင့် မိသားစုများ၊ မိဘပြည်သူများ စည်းကမ်းတကျ ဖြစ်စေရေးနှင့် မလိုလားအပ်သည့် ဘေးအန္တရာယ်များ မကျရောက်စေရေးအတွက် လုံခြုံရေးအသိ၊ သတိဖြင့် ဝန်ကြီးဌာနများအလိုက် လုံခြုံရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လမ်းလျှောက် သကြ်င်္ကန်တွင် ကျွေးမွေးမည့် စတုဒိသာနှင့် ဈေးဆိုင်ခန်းများတွင် ရောင်းချမည့် အစားအသောက်များအား သန့်ရှင်းလတ်ဆတ်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လမ်းလျှောက်သကြ်င်္ကန် ကျင်းပမည့် ဧရိယာအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှု မရှိစေရေးကိုလည်း စီမံဆောင်ရွက်ထားရမည်ဖြစ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အချိန်မီပြီးစီး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက် သကြ်င်္ကန်ဧရိယာအတွင်း ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာ မဟာသကြ်င်္ကန်မဏ္ဍပ် တည်ဆောက်နေမှု၊ တိုင်းရင်းသားသကြ်င်္ကန်ဇုန်အတွင်း တိုင်းရင်းသားရေကစားမဏ္ဍပ် ဆောက်လုပ်နေမှု၊ လူငယ်များ ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် လူငယ် Game သကြ်င်္ကန်၊ သနပ်ခါးသကြ်င်္ကန်နှင့် လူငယ်ဇုန် ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး၊ ရေပြတ်တောက်မှု မရှိစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရေးနှင့် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော် လမ်းလျှောက် သကြ်င်္ကန် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့တာဝန်ယူထားသည့်ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**အစီအမံများညှိနှိုင်း**

နံနက်ပိုင်းကလည်း လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇင်မင်းထက်သည် နေပြည်တော် လမ်းလျှောက် သကြ်င်္ကန် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန မဏ္ဍပ်များ၏ စည်းကမ်းထိန်းသိမ်းရေး အရာရှိကြီးများဖြင့် လုံခြုံရေးဆောင်ရွက်မည့်အစီအမံများ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော် မဟာသကြ်င်္ကန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ရန်ကုန်မြို့တော်ဝန် ကြပ်မတ်ဆောင်ရွက်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြ်င်္ကန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ၁၃၈၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသကြ်င်္ကန်ရေသဘင်ပွဲတော်အတွင်း မြို့တော်သူ မြို့တော်သားများ ပျော်ရွှင်ချမ်းမြေ့စေရန် ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍများမှ ဖျော်ဖြေရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မဟာသကြ်င်္ကန်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြည်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လှိုင်မြို့နယ် အင်းလျားလေးကန်ဘေး ရေကစားမဏ္ဍပ်တည်ဆောက်နေမှုနှင့် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်


ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ မဏ္ဍပ်များဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

✻ ကျောဖုံးမှ

"ဒီနှစ်ထူးခြားတာက ပြည်သူ့ရင်ပြင်မှာ ရေကစားမဏ္ဍပ် ၁၂ ခုနဲ့ လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းထားပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေ၊ စတုဒိသာမဏ္ဍပ်တွေနဲ့ ရေကစားရင်း အလွယ်တကူဝယ်ယူစားသုံးနိုင်အောင် ဈေးဆိုင်ခန်းတွေ စီမံပေးထားပါတယ်။ ပြည်သူတွေအတွက် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်တွေများတဲ့အတွက် တစ်နေ့တာ အပန်းဖြေဖို့ အကောင်းဆုံးနေရာတစ်ခုပါ။ ပြည်သူ့ရင်ပြင်ဆိုတာ ပွဲတော်တွေဆက်တိုက်ပြုလုပ်ခဲ့တဲ့နေရာဖြစ်တဲ့အတွက် ပြည်သူတွေကလည်း သိရှိနေပြီဖြစ်ပါတယ်။ ပျော်ရွှင်စရာနေရာတစ်ခုအဖြစ် အသိအမှတ်ပြုထားကြတယ်။ ဒါကြောင့် ဒီနှစ်သင်္ကြန်မှာ ပြည်သူတွေ စိတ်အေးလက်အေးနဲ့ ရေသဘင်ဆင်နွှဲနိုင်အောင် စီမံဆောင်ရွက်ပေးထားတာပါ။ လမ်းလျှောက်သင်္ကြန်မှာ ရေမှုန်ရေမွှား ပက်ဖျန်းပေးထားတဲ့အတွက် အပူဒဏ်လျော့ပါးအေးမြစေဖို့ အသင့်ဆောင်ရွက်ထားပြီးပါပြီ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ပြောကြားသည်။

**စနစ်တကျတည်ဆောက်ထား**

လမ်းလျှောက်သင်္ကြန် အစီအစဉ်တွင် ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များဖြစ်သည့် နွေဦးကဗျာ၊ နှစ်သစ်ချစ်ဦး၊ ပိတောက်လက်ဆောင်၊ ပိတောက်ရိပ်၊ သင်္ကြန်မိုး၊ နွေအလှ၊ တူးပို့တူးပို့ ပိတောက်မျက်နှာ၊ နှစ်သစ်မင်္ဂလာနှင့် ပန်းမျိုးတစ်ရာ စသည့် မဏ္ဍပ်များအပြင် စတုဒိသာမဏ္ဍပ်များနှင့် အများပြည်သူ အလွယ်တကူဝယ်ယူစားသုံးနိုင်သည့် စားသောက်ဆိုင်ခန်းများကို စနစ်တကျ တည်ဆောက်ထားသည်။





ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာန ရေကစားမဏ္ဍပ်များကို တွေ့ရစဉ်။



ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လမ်းလျှောက်သင်္ကြန်ဆင်နွှဲရန် စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

အထူးသဖြင့် လမ်းလျှောက်သင်္ကြန်တွင် ပျော်ရွှင်စွာဆင်နွှဲကာ မြူးကြွသည့်တေးသီချင်းများနှင့် လှပသည့် သင်္ကြန်ယိမ်းအကတို့ကို နံနက် ၈ နာရီမှ ည ၉ နာရီအထိ ကြည့်ရှုနားဆင်နိုင်မည်ဖြစ်ပြီး ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့အစည်းများက ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ယိမ်းအဖွဲ့ ၆၈ ဖွဲ့တို့က ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ - သတင်းစဉ်
ဓာတ်ပုံ - ဇော်မင်းလတ်

## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝ မတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်း မပြုရ။

( ခ ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

( ဂ ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ် စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည် ဖြစ်ပါသည်။

( င ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( စ ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့ အထိ) မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများ အနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# သံသရာခရီးသည်များအနေဖြင့် မသေချာမှုများကြားမှ သေချာသည်ထက် သေချာအောင်.....

ဒေါက်တာမြတ်မိုး



လူ့ဘဝဟာ ရခဲစွာမို့ ဘဝတိုတို ထိုထိုအမှုတွေကြား အချိန်ရှိခိုက်လုံ့လစိုက်ပြီး သတိတရားရလိုငြား၍ ဘာဝနာဘက်အာရုံစိုက်ကာ တစ်ဖန်လှည့်ဖြစ်ခဲ့ကြပြန်ပေပြီ။ ကောင်းသောအလုပ်မို့ ကိုယ်နှင့်ဆန္ဒတူ လုပ်ဖော်ကိုင်ဖက်တချို့ အပါခေါ်ကာ တာဝန်တစ်ခုနှယ် ထမ်းရွက်ခဲ့ကြပြန်သည်။ တာဝန်ဆိုသည်မှာ သာသနာ့တာဝန်၊ မိမိတန်ဖိုးထားသည့် ဘာသာသာသနာ ဆုတ်ယုတ်မသွား တိုးတက်ပွားများအောင် သာသနာ့အနွယ်မှာ ဆံကိုပယ်၍ သင်္ကန်းဝတ်ကာ ရခဲလှသည့်ဒုလ္လဘဘဝ၊ သီလရှင်ဘဝ၊ ယောဂီဘဝများခံယူပြီး သာသနာ့ဝန်ကို တစ်ပိုင်တစ်နိုင်ထမ်းရွက်ကြသည့်သဘော၊ အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ကြသည့်သဘောမျှသာ...။

### အကောင်းဆုံးအချိန်မှာ အကြောင်းအကျိုးညီစွာ

ဘုရားသာသနာအဆုံးအမဟူသည် နာရခဲပါဘိ၊ ကြုံရခဲပါဘိ၊ အထူးသဖြင့် ဝိပဿနာသစ္စာတရားအတွေ့အကြုံ.. ကြားရနာရသည်ပင်လျှင် တန်ဖိုးရှိလှ၏။ သို့သော် နှလုံးမသွင်းတတ်၊ လက်တွေ့မကျင့်ကြံလျှင် လိုရာမရောက်ခရီးမပေါက်ပြန်..၊ အသက်ရှည်ရှည်နေရမည့်အရေး မသေချာသည့်ဘဝများတွင် ကျင့်နိုင်ခဲလှသည့် တရားအရသာသည် အကြောင်းညီညွတ်မှသာ ရလာနိုင်သည့်အကျိုးတရားတစ်ခုမျှသာဆိုသည်ကို သိလိုက်ရသည့်အချိန်... မိမိတို့အတွက်အချိန်များ နှောင်းမသွားရန် တကယ်အရေးကြီးတယ်ဆိုသည်ကို အမှန်သိလိုက်ရလျှင် အမြတ်တစ်ခုထွက်နေပါပြီ။ အခြေအနေအချိန်အခါကောင်းဆိုသည်မှာ ကြုံရခဲသည်။ မိမိအတွက် အကောင်းဆုံးအချိန်ကိုပြပါဆိုလျှင် ယခုအချိန်သည် အကောင်းဆုံးအချိန်ပင်။ မည်ကဲ့သို့တွေဝေနေမည်နည်း၊ ဥဒ္ဒစ္စဟာ အကုသိုလ်သဘောပါ။ အိုခြင်းနာခြင်းနှင့်အတူ နီးကပ်နေသည့်သေခြင်းတရားအတွက် မတွေဝေသင့်ပါဘူး။ ဘာဆိုဘာမျှမမြဲသည့်သဘော၊ ဘယ်အရာမှ ငါ့အလိုမလိုက်အစိုးမရသည့်သဘော၊ ဖြစ်လိုက်ပျက်လိုက်သဘောများ၊ ဖောက်ပြန်တတ်သည့်သဘောများနှင့်အတူ နောက်ဆုံးသေခြင်းသဘောကို ပါရမီရင့်သန်မှု အလိုက် တွေ့နိုင်ရန်အတွက် အခြေခံတရားသဘောများကို ပေးနိုင်သည့်ဝန်းကျင်သည် ဆူညံကင်းပြီး ဆိတ်ငြိမ်ရာတရားစခန်း တရားရိပ်သာများပါပဲလား ဆိုသည့် အသိအမြင်အမျှင်စလေးလောက်ကို ရလျှင်ပင် အချိန်ပေးရကျိုးနပ်ပါပြီ။

ယခုကာလရောက်လျှင် မဝံ့မရဲဖြင့် ဤကဲ့သို့ အခွင့်ကောင်းကို သဒ္ဓါတရားထက်ထက်သန်သန်နှင့် စောင့်နေသူများရှိကြသည်။ တရားသဘောအမှန်ကို လိုလိုလားလားသိချင်ကြသည်၊ ခဏတာငြိမ်းအေးမှုကို လိုချင်သူများရှိသည်၊ တချို့က မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်မှလွန်၍ ပညာဗုဒ္ဓဘာသာဝင်ဖြစ်ချင်သူများရှိကြသည်။ သမထကမ္မဋ္ဌာန်းအတွေ့အကြုံ၊ ဝိပဿနာကမ္မဋ္ဌာန်းအတွေ့အကြုံကို မြည်းစမ်းကြည့်ချင်ကြသည်၊ တရားစစ်တရားမှန်ရယူချင်ကြသည်။ ဤသို့ဖြင့် စေတနာသဒ္ဓါတရားအပေါ် အခြေခံသည့် အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် အထောက်အပံ့ကောင်းတို့ စုစည်းရာဝန်းကျင်ကောင်းတွင် ခေတ္တသာသနာခရီးလမ်းလေးတစ်ခု ချောမွေ့သွားရတော့သည်။ အကြောင်းတရားတို့ကောင်းလျှင် ကောင်းသောအကျိုးတရားများထွက်ပေါ်မြဲဆိုသည်ကို နားလည်မိသည်။

### သတိမမူမိသည့် လွှမ်းခြုံရစ်ပတ် အကုသိုလ်အဖြစ်များစွာ

ကျွန်တော်တို့သည် ရေပွက်ပမာခဏတာလေးတွင် မသိသင့်တာ၊ မလုပ်သင့်တာများနှင့်သာ အချိန်ကုန်နေပြီး သိသင့်လုပ်သင့်သည့် လောကုတ္တရာအကျိုးစီးပွားကိုမူ မေ့လျော့နေတတ်ကြသည်။ လောကီအကျိုးစီးပွားအတွက်သာ ရည်မျှော်ပြီး အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးများကြားတွင် ပူပန်မှု၊ စိတ်နှလုံးမချမ်းမြေ့မှု၊ သောကဗျာပါဒများနှင့် အချိန်ပြည့်နပန်းလုံးနေကြရသည်။ အထူးသဖြင့် အားလုံးသည် ယခုနှစ်များအတွင်း အခက်အခဲမျိုးစုံ အထွေထွေအကျပ်အတည်းမျိုးစုံကို အနည်းနှင့်အများကြုံတွေ့ရင်ဆိုင်ခဲ့ကြရသည်။ တချို့က ပြဿနာမျိုးစုံကြားထဲမှ ထွက်ပေါက်ကို ကြိုးစားရှာဖွေကြသည်။ ဖြစ်ချင်သည်ကတစ်မျိုး ဖြစ်နေသည်ကတစ်မျိုး၊ လိုချင်သည့်ထွက်ပေါက် ရှာမတွေ့သည့်အခါ ဒေါသဖြင့် ဖြေရှင်းကြသည်က များသည်။ အချို့က ကိုယ့်ပတ်ဝန်းကျင်ကအခြေအနေနှင့် ကိုယ့်အပေါ် ရိုက်ခတ်လာနိုင်သည့် သက်ရောက်မှုများကို မှန်မှန်ကန်ကန်မသုံးသပ်နိုင်ကြ၊ အမှားနှင့်အမှန်၊ အမှန်နှင့် အမှား သင့်တော်သည်၊ မသင့်တော်သည်ကို ခွဲခြားနားလည်နိုင်စွမ်းမရှိသည့်အခါ အမှားကို အမှန်လုပ်မိ၊ အမှန်ကိုအမှားလုပ်မိ၊ လုပ်မှားကိုင်မှား မောဟသဘောများဖြစ်ကြရသည်။ အကျပ်အတည်းများကြားမှ လောဘ၊ ဒေါသ၊ မောဟဆိုသည့် အကုသိုလ်များနှင့်သာ မိမိထံပါးပြည့်နှက်နေသည်ကို သတိပြုမိရန်ပင် အချိန်လည်းမပေးနိုင်၊ ရလာသည့်အခွင့်အလမ်းကိုပင် အရမယူနိုင်ကြသည့်အဖြစ်များစွာကို တွေ့နေမြင်နေရသည်။

### မနောကံကိုစောင့်စည်းရန်သည် ဘာဝနာ၏ တာဝန်

ကံ ကံ၏အကျိုးပေးကို ယုံကြည်သက်ဝင်ကြသည့်ဗုဒ္ဓဘာသာဝင်တိုင်းတွင် ဒါန၊ သီလ၊ ဘာဝနာသည်သာ ကိုယ်ပိုင်ဥစ္စာ ကိုယ်ပိုင်ပစ္စည်းဖြစ်သည်။ ဖြစ်လေရာဘဝတိုင်းတွင် ချမ်းသာမြဲပြီး ဥစ္စာမမွဲရန်အတွက် ဒါန၊ ရောဂါမထူ အသက်ရှည်ရန်အတွက် သီလ၊ ပညာမချို့ လူ့ဗာလမဖြစ်ရန်အတွက် ဘာဝနာဟူ၍မှတ်ယူကြသည်။ ထို ဒါန၊ သီလ၊ ဘာဝနာကို ဘုရားသာသနာနှင့်ကြုံဆုံတိုင်းတွင် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဖြည့်ဆည်းရမည့် ဂုဏ်ဒြပ်တစ်ခုအဖြစ်ကျင့်ကြံအားထုတ်ကြစမြဲဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာဆိုပြီး သိက္ခာသုံးရပ်ရှိရာတွင် ကုသိုလ်အားလုံးတို့၏အစပြုရာသည် သီလဖြစ်သည်။ ကိုယ်နှင့်နှုတ်မှ ကာယကံ၊ ဝစီကံများ ဖရိုဖရဲမပြိုပျက်အောင် စောင့်ထိန်းရမည့်တာဝန်ကို သီလကတာဝန်ယူပေးရသကဲ့သို့ ကျန်သည့်မနောစိတ်ကို စောင့်စည်းရန်မှာမူ ဘာဝနာ၏တာဝန်သာဖြစ်သည်။ ကာယကံ၊ ဝစီကံထက် မနောကံကို ထိန်းရသည်က ပို၍ခက်သည်။ မလုပ်မိ မပြောမိမှာ သတိထားရန်သည် စိတ်ထဲတွင် ပေါ်လာသည့် အတွေးများကို ထိန်းချုပ်ရန်ထက် မခက်လောက်ပါ။ ကာယကံ၊ ဝစီကံ ကျူးလွန်မှုတစ်ခုခုသည် မနောကံမှ အစပြုသည်ဖြစ်သည့်အတွက် မိမိအတွေးအကြံအစည်များကို ဦးစွာထိန်းချုပ်နိုင်ရန် အလွန်အရေးကြီးလှသည်။ အဓိကမှာမူ သတိဆိုသည့်တရားတစ်လုံးကို အစဉ်အောက်မေ့နေရန်ပင်ဖြစ်သည်။ အကြောင်းမှာ အမှားကျူးလွန်မိခြင်းကပင် သတိလက်လွတ်ဖြစ်ခြင်းမှ စတင်၍ဖြစ်သည်။ ဤမျှအရေးကြီးသည့် သတိဆိုသည့်ကောင်းကျိုးတရားကိုရရှိရန်အတွက် သမထဘာဝနာကမ္မဋ္ဌာန်းအလုပ်ကို ကျင့်ကြံပွားများအားထုတ်သင့်သည့် လေ့ကျင့်ရာကွင်းများသည် တရားရိပ်သာများသာဖြစ်သည်။

### သတိဝီရိယဟန်ချက်ညီမှု သမာဓိတိုး၍ သုံးပါးလက္ခဏာရေးလည်း မြင်စေရာ

သတိတစ်ခုတည်းလားဆိုတော့လည်းမဟုတ်သေး။ ကိုယ်ရှုမှတ်နေသည့် အာရုံတစ်ခုတည်းမှတစ်ပါး အခြားသောထူးထူးထွေထွေ အာရုံအပြားအခြားမပျံ့လွင့်ရအောင် သတိအပြင် မှန်ကန်ပြင်းပြသောဝီရိယမျိုးလည်း ရှိရသေးသည်။ ဝီရိယရှိမှသာ ကိုယ့်အတွက်ရအပ်သောတရားကို ရနိုင်သည်ဟူသော ကြိုးစားအားထုတ်မှု၏ရလဒ်ကို တရားစခန်းများမှ ကောင်းကောင်းသိလိုက်ရသည်။ သတိနှင့် ဝီရိယ ဟန်ချက်ညီမှုကြောင့် သမာဓိတိုးလာပြီး ထို့ထက်ပို၍အားထုတ်နိုင်လျှင် ရုပ်နှင့်နာမ် ကွဲကွဲပြားပြားသိနိုင်သည်အထိ ဉာဏ်စဉ်များ တိုးတက်လာနိုင်မည်ဟူ၍ မျှော်လင့်မိသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ လက္ခဏာရေးသုံးပါး ခပ်ပါးပါးရှုနိုင်လျှင် ပညာအဆင့်အထိရောက်၍ ကုသိုလ်များလည်း တိုးသည်ထက်တိုးလာနိုင်ပါပြီ။ တရားကို မိမိခန္ဓာမှာသာ ရှာရမည်ဆိုသောအသိဖြင့် ၁၀ ရက်ဆိုသောကာလအတိုင်းအတာတွင် တရားသဘောလက်တွေ့အခြေခံသာရနိုင်သဖြင့် အခြေအနေအပေါ်မူတည်၍ မိမိနေအိမ်၊ မိမိလုပ်ငန်းခွင်တွင် နေ့စဉ်ဆက်၍ လက်တွေ့အသုံးချကျင့်ကြံသွားရုံသာဖြစ်သည်ဟူ၍လည်း ခံယူဖြစ်သွားသည်။

သတိ၊ ဝီရိယ၊ သမာဓိကြောင့် မိမိစိတ်တဒင်္ဂလေးမျှတွင်ပင် ပီတိဟူသောကြည်နူးမှုနှင့် သုခဟူသောချမ်းသာမှုကို ခံစားသိမိသည်။ တရားအားထုတ်ခိုက် စိတ်ကလန်းဆန်းနေသည်။ ရှုမှတ်နေသည့်အာရုံတစ်ခုတည်းအပေါ်တွင် စူးစူးစိုက်စိုက် မြဲမြဲမြံမြံ သိမှတ်နေသောစိတ်သည် ကုသိုလ်စိတ်ဖြစ်၍မဟာကုသိုလ်ထိုက်သည်။ ဒီလိုတရားသဘောများရရှိကြောင်း လုပ်ဖော်ကိုင်ဖက် ဓမ္မမိတ်ဆွေများဆီမှ ကြားသိရသည့်အခါ ဝင်လာသည့်အတွေးမှအစ အာရုံခြောက်ပါးမထွေပြား သူတို့တွေ ရှုမှတ်နေသည့် အချိန်အတောအတွင်း မည်သည့်ကိလေသာမျှ မဝင်ရောက်နိုင်ဆိုသည်ကို အလိုလိုသိနေသည်။ ကုသိုလ်စိတ်မှန်သမျှ ဖြူစင်ပါသည်။ ထို့ကြောင့် တရားကို မှန်မှန်ကန်ကန်ရှုမှတ်နေသူ၏စိတ်သည် ဖြူစင်နေသည့်အတွက် စိတ္တဝိသုဒ္ဓိလည်းဖြစ်နေပါပြီ။ ကိုးပါးသောသီလကို ခံယူထားသည့်အတွက်လည်း သီလဝိသုဒ္ဓိကဖြစ်နေပြီ။ ထို့ကြောင့် မိမိစိတ်ကို ဖြူစင်သည်ထက် ဖြူစင်အောင် ရည်ရွယ်ချက်ဖြင့် သမထဘာဝနာကမ္မဋ္ဌာန်းကို ဦးစွာအားထုတ်ကြခြင်းဖြစ်သည်။

ဖြူစင်နေသောမိမိစိတ်သည် အခြားသူများ၏စိတ်ကို ဘယ်သောအခါမှ အရောင်မဆိုးနိုင်ပါ။ ဆိုလိုသည်မှာ တရားသဘောသိနှင့်သူ၊ များများလေ့ကျင့်အားထုတ်နိုင်သူသည် သတိမြဲ၍ ဝင်လာသည့်အာရုံအတော်များများကို သတိဖြင့် ထိန်းချုပ်ဆင်ခြင်နိုင်ကာ အာရုံများအပေါ်တွင် နှလုံးသွင်းမှန်ပြီး ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နိုင်ကြသူများသည် အကုသိုလ်နည်းကြသည်။

စာမျက်နှာ ၇ သို့ ✻


> သတိတစ်ခုတည်းလားဆိုတော့လည်းမဟုတ်သေး။ ကိုယ်ရှုမှတ်နေသည့် အာရုံတစ်ခုတည်းမှတစ်ပါး အခြားသောထူးထူးထွေထွေ အာရုံအပြား အခြားမပျံ့လွင့်ရအောင် သတိအပြင် မှန်ကန်ပြင်းပြသောဝီရိယမျိုးလည်း ရှိရသေးသည်။ ဝီရိယရှိမှသာ ကိုယ့်အတွက် ရအပ်သောတရားကို ရနိုင်သည်ဟူသော ကြိုးစားအားထုတ်မှု၏ရလဒ်ကို တရားစခန်းများမှ ကောင်းကောင်းသိလိုက်ရသည်။ သတိနှင့် ဝီရိယ ဟန်ချက်ညီမှုကြောင့် သမာဓိတိုးလာပြီး ထို့ထက်ပို၍အားထုတ်နိုင်လျှင် ရုပ်နှင့်နာမ် ကွဲကွဲပြားပြားသိနိုင်သည်အထိ ဉာဏ်စဉ်များ တိုးတက်လာနိုင်မည်ဟူ၍ မျှော်လင့်မိသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ လက္ခဏာရေးသုံးပါး ခပ်ပါးပါးရှုနိုင်လျှင် ပညာအဆင့်အထိ ရောက်၍ ကုသိုလ်များလည်း တိုးသည်ထက်တိုးလာနိုင်ပါပြီ။ တရားကို မိမိခန္ဓာမှာသာ ရှာရမည်ဆိုသောအသိဖြင့် ၁၀ ရက်ဆိုသော ကာလအတိုင်းအတာတွင် တရားသဘောလက်တွေ့အခြေခံသာရနိုင်သဖြင့် အခြေအနေအပေါ်မူတည်၍ မိမိနေအိမ်၊ မိမိလုပ်ငန်းခွင်တွင် နေ့စဉ်ဆက်၍ လက်တွေ့အသုံးချကျင့်ကြံသွားရုံသာဖြစ်သည်ဟူ၍လည်း ခံယူဖြစ်

# မော်လမြိုင်မြို့၌ (၇၆)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲ ဓမ္မပူဇာဆုနှင်းသဘင် အခမ်းအနားကျင်းပ

**မော်လမြိုင် ဧပြီ ၁၀**



မော်လမြိုင်မြို့ သုသမာစာရအဖွဲ့က ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲ ဓမ္မပူဇာဆုနှင်းသဘင်အခမ်းအနားကို ဧပြီ ၉ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီးအနီးရှိ သုသမာစာရအဖွဲ့ စာမေးပွဲခန်းမဆောင် မော်ကွန်းဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ ညွှန့်ပရိသတ်အပေါင်းတို့က စိန်မပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သုသမာစာရအဖွဲ့ကြီး၏ (၇၆)ကြိမ်မြောက် ဓမ္မပူဇာ ဆုနှင်းသဘင်ကျင်းပရခြင်းနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးသုသမာစာရအဖွဲ့ စာချတန်းအောင် "သုသမာစာရ ပိဋကတ္တယ ကောဝိဒ" ဘွဲ့ရရှိသော ဆင်ဖြူစာသင်တိုက်မှ ဦးပညာသီဟာ လင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် စာအောင်ဘွဲ့လက်မှတ်၊ စာအောင်ဆုများကို သုသမာစာရအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အလတ်တန်း၊ အငယ်တန်း၊ မူလတန်းအဆင့် ပထမဆုရရှိသူများနှင့် စာအောင်သံဃာ၊ သီလရှင်တို့အား အောင်လက်မှတ်၊ စာအောင်ဆုများကို တာဝန်ရှိသူတို့က ဆုများဆက်ကပ်လှူဒါန်းကြပြီး နာယကဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဓမ္မပူဇာရာသက်ပန် ငွေပဒေသာပင်များကို အလှူရှင်များက လှူဒါန်းကြရာ သုသမာစာရအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများနှင့် စာအောင်သံဃာ၊ သီလရှင်များအား အလှူရှင်များက ဆွမ်းခြောက်များ လောင်းလှူခဲ့ကြသည်။

အဆိုပါ ဆုနှင်းသဘင်တွင် စာချတန်း သုံးပါး၊ အလတ်တန်း ၁၁ ပါး၊ အငယ်တန်း အပါး ၂၀၊ မူလတန်း ၃၂ ပါးတို့အား ဆုချီးမြှင့်ငွေကျပ် စုစုပေါင်း ၂၇၅၁၀၀၀၀ လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

✽ စာမျက်နှာ ၆ မှ

စိတ်ကိုထိန်းနိုင်၍ နှုတ်က အပြော၊ ကိုယ်က အပြုအမူမှာ အပြစ်ကင်းသည်က များသည်၊ အကုသိုလ်ဖြစ်သည့် လောဘ၊ ဒေါသဝင်မိလျှင်လည်း သတိကြောင့် ချက်ချင်းသိ၊ ချက်ချင်းရပ်ပစ်နိုင်သည်။ ထိုထက်မြဲသဘော၊ အစိုးမရ အတ္တမဟုတ်သည့်သဘောများအထိ ဆင်ခြင်နိုင်လျှင် လောဘ၊ ဒေါသ၊ မောဟများ နည်းသည်ထက် နည်းလာနိုင်သည်။ သူတစ်ပါးဆီမှ ဝင်လာသည့်အပြောအဆိုအပြုအမူများအပေါ်တွင်လည်း အများကြီးခံစားနေမည် မဟုတ်ပါ။ သူကိုယ်တိုင် ပြောနေ လုပ်နေသည်မှမဟုတ်ဘဲ၊ သူ့မှာရှိနေသည့် စေတသိက်က သူ့အလုပ်သူလုပ်နေသည်ဆိုသည့် ဓမ္မအသိလေးအထိ ပါရမီအရင့်အသန်အလိုက် ဆင်ခြင်နိုင်စွမ်းရှိလာကြသည်။ အားလုံးသည် ဟောသမျှနာယူ၊ နာသမျှသိအောင်လုပ်၊ သိသမျှ ထပ်ခါထပ်ခါ ကျင့်ကြည့်မှသာ ပြန်လည်ရရှိလာသည့် တရားအသိမျိုးဖြစ်သည့်အတွက် အလွန်ကိုအကျိုးများလှသည်။

### ဖြူစင်သောစိတ်ဖြစ်အောင်အားထုတ်ပါ

ကိုယ့်ကိုယ်ကိုယ် ယခုပစ္စုပ္ပန်မှာရော အနာဂတ်အတွက်ပါ မသေချာမှုများကြားထဲ ဘယ်အရာက ပိုသေချာမလဲ။ သေချာသည်ကိုသာ ရွေးပြီးတွေးမည်၊ ပြောမည်လုပ်မည်ဆိုမှ မှန်ကန်သည်များ ရရန်များသည်။ အဓိကအချက်မှာ မိမိစိတ်ထဲတွင် အမှန်များနှင့် ရှင်းနေရန်ပင်၊ စိတ်ရှင်းနေလျှင် စိတ်ဟာလုံခြုံသလို ခံစားရသည်၊ စိတ်လုံခြုံမှုက မဟုတ်တာ၊ မမှန်တာကို မတွေးမိ မပြောမိ မလုပ်မိအောင် ကာကွယ်ပေးထားပြီး ကောင်းမွန်သောအနေအထားတစ်ခုအထိ ရောက်ရှိသွားစေသည်။ အတွေ့အကြုံအရ တရားဒေသနာနာကြားခြင်း၊ ဘုရားအဆုံးအမတရားများ ရွတ်ဖတ်ခြင်း၊ သမထဝိပဿနာဘာဝနာ ပွားများခြင်းစသည့် ကုသိုလ်စိတ်နှင့်ယှဉ်သော အလေ့အကျင့်အားလုံးသည် စိတ်ကို ရှင်းလင်းဖြူစင်သွားစေသည်သာ ဖြစ်သည်။ တစ်ဖန် စိတ်ကြည်လင်လန်းဆန်းမှုက မကောင်းသည့်အာရုံများမှ အကာအကွယ်ကို ရစေပြန်၍ စိတ်လုံခြုံမှုကိုရရှိစေသည်ဟု ခံစားမိပြန်သည်။ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် စိတ်ရှင်းရှင်းဖြင့် လုပ်ကိုင်သည်မှန်သမျှ အမှားနည်းပြီး အဆင်ပြေပြေဖြစ်သွားနိုင်ကြောင်း ဆင်ခြင်နိုင်လာသည်။ ကြည်လင်စိတ်က သဒ္ဓါတရားကို တိုးစေသည့်အတွက် ကုသိုလ်စိတ်ဖြင့်တွေးပြီး ပြောသည်လုပ်သည်မှန်သမျှ ကောင်းသောကုသိုလ်ကံများသာဖြစ်စေပြန်သည်။ အထက်တန်းကျသည့် ဘဝမျိုးကို ပိုင်ဆိုင်ချင်လျှင် ကောင်းသည့်ကုသိုလ်ကံများ များများဖြစ်နေရန်ပါပဲလား..။ ကုသိုလ်များလျှင် အကုသိုလ်နည်းမည်၊ အကုသိုလ်ကိုရှောင်နိုင်လျှင် ကုသိုလ်ကို ဆောင်နိုင်မည်ဆိုတာ ပို၍သိလာသည်။ သို့သော် ဘယ်အရာက ကုသိုလ်ဖြစ်မည်၊ ဘယ်အရာက အကုသိုလ်ဖြစ်မည်ဆိုသည်ကို သိထားရမည်။ သိရှိနားလည်ထားမှသာလျှင် ကုသိုလ် အကုသိုလ်ကို ခွဲခြားဆန်းစစ်နိုင်မည် ဖြစ်သည်။

### ဒါနပြုခွင့်ရ၍ အလောဘကုသိုလ်တရားများတိုးခဲ့သည်

ဘာဝနာချည်းပဲလည်း မဟုတ်၊ တရားစခန်းဝင်သူတို့မှာ သမ္မာအာဇီဝဖြင့် မိမိတို့ ရှာဖွေထားရသည့် ငွေကြေးဥစ္စာများဖြင့် အလှူဒါနများလည်း ပြုဖြစ်ခဲ့ကြသည်။ မိမိလစာထဲက ရှားရှားပါးပါး စုဆောင်းထားရသည့် ဒါနမျိုးစေ့ဖြင့် ကုသိုလ်အပင်များစိုက်ခဲ့ကြသည်။ အာရုံဆွမ်း၊ နေ့ဆွမ်းခဲဖွယ်ဘောဇဉ်များ လှူဒါန်းခွင့်ရခဲ့ကြသည်။ ဆရာတော်ကြီးအပါအဝင် တရားစခန်းဝင် သံဃာ၊ သီလရှင်၊ ယောဂီအပေါင်း ကျန်းမာရေးအတွက် ဆေးဝါးအလှူ၊ နဝကမ္မအလှူများပေးဝေခွင့် အခွင့်အရေးများကား ရခဲ့လှသည်။ ဆောက်တည်ရသော သီလကုသိုလ်အပြင် လိုအပ်သောဝေယျာဝစ္စကုသိုလ်များလည်း ပြုခွင့်ရခဲ့ကြပြန်သည်။ ကိုယ့်မှာရှိမှလည်း လှူနိုင်သည်ဆိုပေမယ့် ရှိလို့လှူသည်ထက် သိပြီးလှူသည်က ပို၍ကုသိုလ်ရသည်ဆိုသည့် တရားသဘောကိုလည်း သိလိုက်ကြရသည်။ လှူသည်မှာ အမှန်တွင် ယူလိုက်တာပါပဲ။ ရလိုက်တာပဲပေ့ါ။ ဘာတွေကို ရလိုက်ပါသလဲဆိုလျှင် တန်ဖိုးရှိသော တရားများ ရလိုက်ခြင်းဖြစ်သည်။ လောဘ၏ဆန့်ကျင်ဘက် လိုချင်တပ်မက်ခြင်းကင်းသော၊ ပေးကမ်းလိုသော၊ အလောဘကုသိုလ်တရားဖြစ်သော ဒါနအဆီအနှစ်များ ရရှိလိုက်ခြင်းဖြစ်သည်။ ကိုယ့်မှာရှိသည်များ ကုန်သွားသည်ဆိုသော်လည်း တကယ်ကုန်သွားသည်က လိုချင်တာများ၊ အလိုကိလေသာများ ကုန်သွားသည်ဟု မှတ်လိုက်၍ တကယ့်ကုသိုလ်အစစ်ကို ရသွားသည်။ နောက်ဆက်တွဲအစွဲများကို တဖြည်းဖြည်းလျှော့ချသွားနိုင်တာ၊ ငါ့အတွက် ကောင်းပေ့ဆိုသည့်အရာများကို စွန့်လွှတ်လိုက်ရသည့်အခါ ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုသောအစွဲများ လျော့ပါးသွားသည့်သဘောကို ဆိုလိုခြင်းဖြစ်သည်။

### ကူးစက်ပျံ့နှံ့မေတ္တာစွမ်းဖြင့် တိုးပွားကုသိုလ်များထိုထို

သံဃာအပေါင်း၊ သီလရှင်အပေါင်း၊ ယောဂီအပေါင်းတို့၏ သဒ္ဓါ၊ ဝီရိယ၊ သမာဓိအပေါ်တွင် အခြေခံပြီးဖြစ်ပေါ်လာသော ကုသိုလ်စိတ်အပေါ်တွင် ထပ်ဆင့်လွှမ်းခြုံသွားသည်က အားလုံးသော ဓမ္မသူတော်ကောင်းအပေါင်းတို့၏ မေတ္တာဓာတ်များပင်ဖြစ်သည်။ စွမ်းအင်၏သဘောသည် ကူးစက်တတ်၊ ပျံ့နှံ့တတ်၊ ပွားများတတ်သည်။ ဘာဝနာစီးဖြန်းစဉ်တွင် ဖြစ်တည်နေသည့်စိတ်အစဉ်သည် လောကီကုသိုလ်စိတ်များဖြစ်၍ အလွန်စွမ်းအားကြီးသည်။ တစ်ဦးချင်းစီတွင် ဖြစ်ပေါ်နေသော ကုသိုလ်ဘာဝနာစွမ်းအင်များမှာ တစ်ဦးမှတစ်ဦးသို့ အပြန်အလှန်ကူးစက်၊ အပြန်အလှန်မျှဝေခြင်းများ ဖြစ်သွားသည့်အခါ ဤသို့ကုသိုလ်တရားများ စုစည်းတိုးပွားနေသော ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း သုခအငြိမ်းဓာတ်နှင့်အတူ အေးချမ်းနေသည်။ သာယာကြည်နူးဖွယ်ဖြစ်နေသည်။ ကောင်းသည့်ဝန်းကျင်တွင် ကောင်းသည့်ဓာတ်များသာ စုစည်းတတ်သည့်သဘောမျှသာ..။ ဓမ္မမိတ်ဆွေတစ်ဦးချင်းစီတွင် ရှိနှင့်နေသော အပူဓာတ်နှင့် အအေးဓာတ်များမှာလည်း အပြန်အလှန်ကူးစက်မျှဝေမှုများကြောင့် အချို့တွင် ရှိနေသောရုပ်ခန္ဓာမကျန်းမာမှုများ၊ ပါလာသောအပူသောကများလည်း ချုပ်ငြိမ်းကွယ်ပျောက် ငြိမ်းအေးပြီးဖြစ်သွားတော့သည်။ ဓမ္မ၏စွမ်းအားကြီးမားပုံနှင့်အတူ ရရှိလာသော အကျိုးကျေးဇူးများပင်ဖြစ်သည်။

ယခုဘဝအနေဖြင့် ရခဲလှသည့်လူ့ဘဝကို ရနေပေမယ့် သံသရာတွင် လည်နေကြရဦးမည်ဖြစ်သည့်အတွက် မိမိစိတ်နှင့်မိမိ ငြိမ်းချမ်းအောင်နေထိုင်ခြင်းကပင် ပတ်ဝန်းကျင်ကို တတ်အားသမျှ အကျိုးပြုနေခြင်းဖြစ်သည်။ ယခင်ကထက် ယခုအခါ ရတနာသုံးပါးနှင့်အတူ ကံကံ၏အကျိုးတရားများ ပိုပြီးကိန်းဝပ်လာခြင်းသည်ပင် အနည်းဆုံးသောရလဒ်တစ်ခု၊ ဓမ္မစစ် ဓမ္မအမှန် တိုးပွားလာခြင်း၏ သင်္ကေတတစ်ခုဟုဆိုရမည်။ နှလုံးသွင်းလည်း မှန်ခဲ့ကြပြီဖြစ်သည့်အတွက် ဆက်လက်ခိုင်မြဲနေအောင် အချိန်ရလျှင်ရသလို ဆက်လက်ကြိုးစားလေ့ကျင့်ကြရန်သာဖြစ်သည်။ ရခဲလှစွာလူ့ဘဝတွင် နာရခဲစွာ ကျင့်ရခဲစွာ ဤတရားများကို နာရုံနှင့်မပြီး ဆက်ပြီး ကျင့်ကြံအားထုတ်ကြခြင်းဖြင့် သာသနာအဆုံးအမများ မပျောက်ကွယ်၊ မကွယ်ပအောင် ဆက်လက်ကြိုးပမ်းအားထည့်နိုင်ရန်သာ ဖြစ်ပါကြောင်း ခံယူဖြစ်ပါတော့သည်။ ။

■

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**ပုသိမ် ဧပြီ ၁၀**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၉ ရက် နံနက်ပိုင်းက ပုသိမ်မြို့ သာသနဝ္ဗိမာန်တော်ကြီး၌ ပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပုသိမ်မြို့ပေါ်ရပ်ကွက်များမှ ရဟန်းလောင်း၊ ရှင်သာမဏေလောင်းများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

**စုပေါင်းဘုရားရှိခိုးပူဇော်**

ဦးစွာ ရဟန်းလောင်း ၁၉၀ နှင့် ရှင်သာမဏေလောင်း ၆၅ ဦးတို့အား သာသနဝ္ဗိမာန်တော်ကြီးမှ တစ်ဆင့် မဟာဗန္ဓုလလမ်းတစ်လျှောက်သို့ မော်တော်ယာဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ရှင်လောင်းလှည့်လည်၍ပုသိမ်မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် စုပေါင်းဘုရားရှိခိုးပူဇော်ခဲ့ကြသည်။

ဆက်လက်၍ဆံချမင်္ဂလာအခမ်းအနားကိုပြုလုပ်ရာ အလှူ့ဒါယကာ အလှူ့ဒါယိကာမများမှ ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ဆံချမင်္ဂလာပြုလုပ်ပေးခြင်းအား ကြည်ညိုသဒ္ဓါပွားခဲ့ကြသည်။ ထို့နောက် အလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဇောတိဿရ MA.Ph.D(India)အရှင်သူမြတ်က ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ပြီး ဘွဲ့များဆက်ကပ်ခဲ့ကြကာ မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက်၊ တိုက်ကြီးကျောင်းပရိယတ္တိစာသင်တိုက်နှင့် ပုသိမ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် သိမ်တက်မင်္ဂလာ ပြုလုပ်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်း၌ စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို ပုသိမ်မြို့ သာသနဝ္ဗိမာန်တော်ကြီး၌ ဆက်လက်ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပုသိမ်မြို့ပေါ်ရပ်ကွက်များမှ ရဟန်းများနှင့် ရှင်သာမဏေများ၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များသည် ဆရာတော်ကြီးများနှင့် သိမ်တော်ဆင်း သံဃာတော်များ၊ ရှင်သာမဏေများအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လောင်းလှူပူဇော်ခဲ့ပြီးနောက် သိမ်ဆင်းလောင်းလှူသည့် ပရိသတ်များအား လိုက်လံနှုတ်ဆက်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဇီဝနည်းပညာသုတေသနများ ထိရောက်ပီပြင်စွာ ဆောင်ရွက်ပေး




**နေပြည်တော် ဧပြီ ၁၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးခိုင်နှင့်သုတေသနပညာရှင်များက ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ဖြည့်ဆည်းပေး**

ယင်းနောက်ဒုတိယဝန်ကြီးက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့ အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရင်း အရည်အချင်းပြည့်မီသော ဇီဝနည်းပညာ သုတေသနပညာရှင်များအား စဉ်ဆက်မပြတ်မွေးထုတ်သွားရန်၊ နိုင်ငံတော်ရှိ ကြွယ်ဝပြီးအရင်းအမြစ်များကို အံဝင်ဂွင်ကျ အသုံးချကာ လက်တွေ့ကျသော သုတေသနလုပ်ငန်းများကို ထိရောက်ပီပြင်စွာ ဆောင်ရွက်၍ နိုင်ငံ့အကျိုးပြု MSME လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် အလေးပေးဆောင်ရွက်ရန်၊ သုတေသနရလဒ်များအား ပြည်သူနှင့် တောင်သူများ၏ လက်ဝယ်အရောက် ဖြန့်ဖြူးရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ သမားရိုးကျသုတေသနလုပ်ငန်းများမှသည် Quick Win ဖြစ်စေမည့် ဆန်းသစ်တီထွင်မှုများမှ ဇီဝထုတ်ကုန်သစ်များရရှိရေးအတွက် ဦးစားပေးလုပ်ငန်းများ သတ်မှတ်ဆောင်ရွက်ရန်၊ အပင်ဇီဝနည်းပညာကို အမျိုးသားအဆင့်သို့ ရောက်ရှိအောင် ရေရှည်အတွက် မျှော်မှန်းဆောင်ရွက်ရန်၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ကာ ခိုင်မာအားကောင်းသည့် ဇီဝနည်းပညာသုတေသန အသိုက်အဝန်းတစ်ခု ထူထောင်၍ ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်များ ဖန်တီးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အပင်တစ်သျှူးမျိုးပွားသုတေသနဓာတ်ခွဲခန်း၊ ပရဆေးသုတေသနဓာတ်ခွဲခန်း၊ ဇီဝထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်ဖွံ့ဖြိုးရေးဌာန (အဏုဇီဝမှိုဓာတ်ခွဲခန်း)၊ မြေမဲ့စိုက်ပျိုးခြင်းသုတေသနလုပ်ငန်း ရွှေစိမ်း၊ ရွှေဆည်ရည် ထုတ်လုပ်မှုလုပ်ငန်း၊ Green Tricho ဇီဝမှိုသတ်ဆေးထုတ်လုပ်မှုလုပ်ငန်း၊ စပါးသုတေသနဌာန၊ ရွှေဇီဝသဘာဝမြေဩဇာထုတ်လုပ်ရန်အတွက် အဏုဇီဝပိုးမွေးမြူသည့် အဏုဇီဝဓာတ်ခွဲခန်းများတွင် သုတေသနဆောင်ရွက်နေမှုနှင့် တောင်သူများထံ ထုတ်လုပ်ရောင်းချရန် ပြင်ဆင်ထားသည့် ဇီဝထုတ်ကုန်များအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သုတေသနမှ ၂၀၂၂ ခုနှစ်တွင် နည်းပညာလွှဲပြောင်းပြီးသော သုတေသနများမှာ ငါးအမိုင်နိုအက်စစ်ထုတ်လုပ်ခြင်း၊ မြေဆွေးပြုလုပ်ခြင်းနှင့် ပင်စည်တုတ်ခိုင်သောကြံမျိုး ထွန်းသစ်အား အပင်တစ်သျှူးနည်းပညာဖြင့် မျိုးပွားခြင်းတို့ဖြစ်၍ လက်ရှိတွင် နည်းပညာလွှဲပြောင်းရန် အသင့်ဖြစ်သောသုတေသနများမှာ ငါးအစာတောင့်(ငါးသန်အစား)၊ ရှားစောင်းလက်ပပ်ဖြင့် ပြုလုပ်ထားသော မျက်နှာသစ်ဆပ်ပြာ၊ ရှားစောင်းလက်ပပ်ဖြင့် ပြုလုပ်ထားသော ဖြည့်စွက်စာ၊ တစ်သျှူးသစ်ခွမျက်နှာသစ်ဆပ်ပြာနှင့် မြေမဲ့စိုက်ပျိုးရေးစနစ် သုတေသနများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် ဧပြီလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

၄။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၅။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၆။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၇။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူ မြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်စီနှင့် လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

## တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)တို့ ရရှိ

**နေပြည်တော် ဧပြီ ၁၀**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ (၂၉) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ တစ်သက်တာစာပေဆု ရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ဒွေးသစ်လွင်(ပရိမ္မ) ရေးဖွဲ့သည့် **"ခယောင်းလမ်းက ပန်းသစ္စာကဗျာများ"**၊ ဒုတိယဆုကို ချစ်စုအောင်ရေးဖွဲ့သည့် **"လမင်းနှစ်ကိုယ်ခွဲကဗျာများ"**၊ တတိယဆုကို ခက်ဇော်(ကဗျာ) ရေးဖွဲ့သည့် **"ပန်းသတင်းရနံ့သင်းပျံ့ဖြန့်ဝေ မြတ်နိုးစေ ကဗျာများ"** စာမူတို့ကလည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို မောင်ငြိမ်းမွန် (ချောင်းဦး) ရေးသားသည့် **"စပါးတစ်ပြည် ပတ္တမြားတစ်ခြည်"**၊ ဒုတိယဆုကို ပုသိမ်အောင်သန်းဦး ရေးသားသည့် **"အရှေ့ကုန်းမြင့်ဆီက အာခါတို့၏ ဘူးသီးခြောက်ပုလွေသံ"**၊ တတိယဆုကို ဘိုမျိုး (ရွှေဘို) ရေးသားသည့် **"အမေနှင့် ကျွန်တော်၊ ကျွန်တော်နှင့် အမေ"**စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုဆုတွင် ပထမဆုကို စိုးမြင့် (စက်မှုတက္ကသိုလ်)ရေးသားသည့် **"ရွှေသမင်တောလိုက်နှင့် အခြားထန်းဝတ္ထုတိုများစုစည်းမှု"**၊ ဒုတိယဆုကို သက်နှင်းညို ရေးသားသည့် **"ဒုတိယမြောက်ခရီးစဉ်နှင့် အခြားဝတ္ထုတိုများ"**၊ တတိယဆုကို ကိုကေအီး(နိဗ္ဗာန်)ရေးသားသည့် **"ရသအနှစ် ထုဆစ်ပုံဖော် တက္ကစီပေါ်မှ ကိုယ်တွေ့ဝတ္ထုတိုများ"** စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို မောင်မြကျော် ရေးသားသည့် **"အခြေခံပညာသိကောင်းစရာ"**၊ ဒုတိယဆုကို ကျော်သက်ခိုင် (မုံရွာ) ရေးသားသည့် **"ဆန်းစစ်လေ့လာ မြန်မာစာပေကဗျာလင်္ကာ"**၊ တတိယဆုကို သိဒ္ဓိမောင်ဒွေး ရေးသားသည့် **"မြန်မာ့ရိုးရာ နာမကရဏ မင်္ဂလာ စာတမ်းနှင့် နည်းပညာများ"** စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို တင်တော်ရေးသားသည့် **"ခေတ်စနစ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆင့်ဆင့်၏ ဖြစ်တည်ဖွံ့ဖြိုးတိုးတက်မှုများ"**၊ ဒုတိယဆုကို ဒေါက်တာခင်စန်းရီ ရေးသားသည့် **"မြန်မာ့ရိုးရာယဉ်ကျေးမှုတူရိယာများကို ပြုလုပ်ထားသော မြန်မာ့သယံဇာတ သစ်ပင်များ"**၊ တတိယဆုကို မင်းသူရိန်(ထားဝယ်)ရေးသားသည့် **"ထားဝယ် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ"** စာမူတို့ကလည်းကောင်း အသီးသီးရရှိကြသည်။

(၂၉)ကြိမ်မြောက်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆုကို **ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီးဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)** တို့ရရှိသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ **မခိုင်သဇင်သိန်း ဒုတိယနှစ် (ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန)** နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ **မမြတ်ရွှေစင်မှူး ဒုတိယနှစ် (ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန)** တို့က ရရှိကြသည်။

(၂၉)ကြိမ်မြောက်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုကို MP Maung Myint ရေးသားသည့် **" ရောက်တတ်ရာရာ စာစုများ"**စာအုပ်၊ အောင်တိုး (စိန်ခြယ်) ရေးသားသည့် **"တောပန်းတစ်ပွင့် ဒိုင်ယာရီ"**စာအုပ်နှင့် ဦးမြင့်နိုင် ရေးသားသည့် **"မြတ်ဗုဒ္ဓ၏ ဘဝလမ်းညွှန်"** စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆုကို ၁၀ သိန်း၊ ပခုက္ကူစာပေဆု ပထမဆုကို ခုနစ်သိန်း၊ ဒုတိယဆုကို ငါးသိန်းနှင့် တတိယဆုကို လေးသိန်းချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ စာတည်းမှူးချုပ် ဖုန်း ၀၁-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန ဖုန်း-၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုနှင့် စာကြည့်တိုက် စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆု (၂၀၂၂)ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် ဧပြီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်သည် ဘာသာပြန်စာပေ ဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များ တိုးပွားရေးအတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု၊ ဘာသာပြန် စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိပါသည်။

၂၀၂၂ ခုနှစ်အတွက် ဘာသာပြန် ပြဋ္ဌာန်းစာအုပ်မှာ Robert Henson ရေးသားသည့် Climate Change Climate Change: a primer The greenhouse effect: Who's responsible? ၊ Extreme heat ၊ Floods and droughts အခန်း (၅) ခန်းကို ထုတ်နုတ်ပြဋ္ဌာန်းထားသည့် စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင်၊ ဖုန်း-၀၁-၃၈၁၄၄၈၊ သပြေကုန်း၊ နေပြည်တော်ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၆၇-၃၄၀၄၁၆၈၊ ၈၆ လမ်း၊ ၂၁x၂၂ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ စာပေဗိမာန် အရောင်းဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့်ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း၊ စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့်သော် လည်းကောင်း ဝယ်ယူနိုင်ပါသည်။ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲဝင်စာမူများကိုလည်း ၂၀၁၃ ခုနှစ် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူထုသိပ္ပံကျမ်း အတွဲ(၁) စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဧပြီ ၁၀**

လူထုသိပ္ပံကျမ်း အတွဲ (၁) စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ပါသည်။

အဆိုပါစာအုပ်သည် ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) က ထုတ်ဝေခဲ့သည့် ပထမဆုံးကျမ်းဖြစ်ပါသည်။

**စာစု ၁၀ ခု ခွဲခြားဖော်ပြထား**

အဆိုပါကျမ်းတွင် စကြဝဠာကို လေ့လာခြင်း၊ ကမ္ဘာတည်ပုံ၊ ခေတ်မီမိုးလေဝသတိုင်းတာမှုပညာ၊ အသက်ဟူသည် အဘယ်နည်း၊ မပြတ်လုံးပန်းနေရသော အသက်နှင့်ကိုယ်တည်မြဲရေး၊ မြေဆီလွှာတွင် မည်သည့်အရာများ ပါဝင်သနည်း၊ လွှမ်းမိုးအုပ်ချုပ်မှုအတွက် ယှဉ်ပြိုင်သူများ၊ ကမ္ဘာကိုကြီးစိုးသူ၊ ကျန်းမာရေး၌ အမြော်အမြင်ရှိခြင်းနှင့် အမြော်အမြင်မဲ့ခြင်း၊ ဒြပ်နှင့် စွမ်းအင် စသည်ဖြင့် သိပ္ပံပညာ သုတေသနလုပ်ငန်းများကို စာစု ၁၀ ခု ခွဲခြားကာ ဖော်ပြထားပါသည်။

သိပ္ပံပညာသုတေသနတို့၏ အံ့ဖွယ်ရာများ၊ ပါရမီရှင်-ဉာဏ်ကြီးရှင်တို့၏ တီထွင်အောင်မြင်မှုများ၊ သက်ရှိနှင့် သက်ရှိလောကအကြောင်းရပ်များ ပါဝင်သည့် "လူထုသိပ္ပံကျမ်း အတွဲ (၁) " ကို စာပေချစ်ပရိသတ်များ သိရှိလေ့လာနိုင်ရန် စာပေဗိမာန်က ဒုတိယအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ အမှတ် (တ - ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဧပြီ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရေရရှိရေးအတွက် မြေအောက်ရေတူးဖော်ရေးအဖွဲ့များမှ ရေတူးဖော်ရရှိနေမှု၊ ကန်တော်ကြီးသို့ရေဖြည့်တင်းနေမှု၊ ရေစုကန်များ တည်ဆောက်နေမှုနှင့် ရေဆက်လက်တူးဖော်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဧည့်ဝတီဂေါက်ကွင်းအနီးတွင် ခေတ်မီစက်ယန္တရားကြီးများဖြင့် မြေအောက်ရေတူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်္ဂနက်ကျေးရွာအနီးတွင် မြေအောက်ရေတူးဖော်ရရှိနေမှုနှင့် ဆိုလာစနစ်ဖြင့်ရေတင်ကာ ကန်တော်ကြီးသို့ ရေပို့လွှတ်နေမှုတို့ကို သွားရောက်ကြည့်ရှုကြပြီး စစ်တွေမြို့ မျိုးသန့်ခြံအတွင်း မြောက်ရေတူးဖော်ရရှိနေမှုနှင့် ရေသိုလှောင်ဖြန့်ဖြူးနိုင်ရန် ရေဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့်အဖွဲ့အား တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း အသားတိုးနွား၊ နို့စားနွား၊ ဒေသနွား၊ ဝက်နှင့်ဆိတ်တို့ကို တိုးချဲ့မွေးမြူနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့များဖြင့် မွေးမြူနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ နည်းပညာများ ပံ့ပိုးပေးနိုင်ရေး၊ အေးခဲအသားများပြုလုပ်၍ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရေး၊ မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေး၊ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်ရေး၊ တိရစ္ဆာန်အစာများဖြစ်သည့် နေပီယာမြက်များနှင့် အခြားသောမြက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သတိပြုရမည့် လျှပ်စစ်ဓာတ်အားတပ်ဆင်သုံးစွဲမှုများ

**မောင်မောင်(လျှပ်စစ်)**

မြန်မာ့ရိုးရာမဟာသင်္ကြန်ရက်များအတွင်း မြန်မာပြည်သူပြည်သားများ ပျော်ရွှင်စွာရေကစားနိုင်ကြရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့၌ မြို့နယ်အလိုက် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးစင်မြင့်များဆောက်လုပ်လျက်ရှိရာ သင်္ကြန်မဏ္ဍပ်များတွင် ဖြစ်ပေါ်နိုင်သော "လျှပ်စစ်အန္တရာယ်" ကြိုတင်ကာကွယ်ရေးအတွက် "လျှပ်စစ်အသိ၊ လျှပ်စစ်သတိ" ရှိကြစေလိုသည်။

မည်သည့်မဏ္ဍပ်မဆို လျှပ်စစ်ဓာတ်အားလိုအပ်မည်၊ သုံးစွဲမည်ဖြစ်သည်။ စင်စစ် လျှပ်စစ်ဓာတ်အားသည် "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး" ဆိုသကဲ့သို့ ခလုတ်တစ်ချက်နှိပ်ရုံဖြင့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လွယ်လင့်တကူအသုံးပြုနိုင်သော်လည်း အဆိုပါခလုတ်အပါအဝင် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို စနစ်တကျ၊ နည်းလမ်းတကျတပ်ဆင်ရန်လည်း အရေးကြီးသည်။

ယခုတည်ဆောက်နေသည့် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးစင်များ၊ နှစ်မျိုးစလုံးပါရှိသည့် မဏ္ဍပ်များတွင် လျှပ်စစ်ဓာတ်အားကို သုံးစွဲကြမည်ဖြစ်ရာ "လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး"ကို ထည့်သွင်းတွက်ချက် ဆောင်ရွက်ကြရန်လိုအပ်သည်။

"Safety–First" ဘေးအန္တရာယ်ကင်းရှင်းရေးသည် ပထမဖြစ်သည်။ ရေကစားမဏ္ဍပ်များကို လျှပ်စစ်ဓာတ်အားလိုင်းအောက်တွင် ဆောက်လုပ်ပါက ဓာတ်အားလိုင်းနှင့် လွတ်ကင်းသော အမြင့်ပေးသာဆောက်သင့်ပါသည်။ ရှောင်လွှဲ၍ရပါက လျှပ်စစ်ဓာတ်အားလိုင်းနှင့် နီးသောနေရာကို ရှောင်သင့်ပါသည်။

ဆိုရပါမူ ရန်ကုန်မြို့အပါအဝင် မြို့ကြီးအချို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကောင်းကင်ဓာတ်အားလိုင်းများကို Insulator Cover ပါသောဓာတ်ကြိုးများ လဲလှယ်တပ်ဆင်ထားသည်။

သို့ရာတွင် Insulator Cover မပါရှိသော ကောင်းကင်ဓာတ်အားလိုင်းများရှိနေသေးရာ အဆိုပါ ဓာတ်အားလိုင်းအောက်၌ ရေကစားမဏ္ဍပ်ကို ခပ်မြင့်မြင့်ဆောက်ထားပါက ရေကစားကြရာမှ တစ်ခါတစ်ရံ ရေပိုက်ခေါင်းများကို ကောင်းကင်ပေါ်သို့ ထောင်ပက်မိသည့်အခါ ဓာတ်အားလိုင်းကြိုးများအနီး ရေရောက်ရှိသွားပါက ရေပိုက်ကိုင်ထားသူကို ဓာတ်လိုက်ပေမည်။ ထိုသို့ဓာတ်လိုက်ရာ၌ တစ်ဦးတစ်ယောက်တည်းနှင့်အဆုံးမသတ်ဘဲ ဓာတ်လိုက်နေသူ၏အနီးရှိ ရေစိုနေသူများကိုပါ ဓာတ်လိုက်မည်ဖြစ်ရာ အလွန်အန္တရာယ်များလှပေသည်။ လျှပ်စစ်ဓာတ်အားသည် ရေတွင်စီးဝင်လွယ်သဖြင့် ဓာတ်လိုက်မှုကို ပိုမိုဖြစ်စေသည်။

ထို့အတူ သင်္ကြန်မဏ္ဍပ်များတွင် လျှပ်စစ်ဓာတ်အားတပ်ဆင်ဆက်သွယ်ရာ၌ အရည်အသွေးပြည့်မီကောင်းမွန်သောဝိုင်ယာကြိုးများ၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းအသစ်များ တပ်ဆင်သုံးစွဲရန်လိုအပ်သည်။ ပေါက်ပြဲ၊ ဆွေးမြည့်နေသော ဝိုင်ယာကြိုးအဟောင်းများ၊ ကွဲအက်ကျိုးပဲ့နေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၊ စံချိန်စံညွှန်းမပြည့်မီသော လျှပ်စစ်ပစ္စည်းများကိုသုံးစွဲခြင်းမှ ရှောင်ကြဉ်ကြရပါမည်။


လျှပ်စစ်ဝိုင်ယာကြိုးအပါအဝင် လျှပ်စစ်ပစ္စည်းများတပ်ဆင်ရာ၌လည်း မဏ္ဍပ်တွင် အသုံးပြုမည့် မီးသီး၊ မီးချောင်း၊ ပန်ကာ၊ ဧည့်ခံရေးအတွက် ချက်ပြုတ်မည့် မီးဖို၊ ရေနွေးအိုးအပါအဝင် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၊ ရေစုပ်မော်တာများ၊ ရေပက်မည့်ရေပန့်များစသည်တို့ တစ်ပြိုင်နက်သုံးမည့် လျှပ်စစ်ဝန်အားထက် ပိုမိုတွက်ချက်ပြီး ၎င်းဝန်အားကိုနိုင်သော အီယာအရွယ်အစား၊ ဘရိတ်ကာ၊ ခလုတ်များကို တပ်ဆင်ခြင်းဖြင့် ဝန်အားမမျှ-မသုံးရဟူသော လျှပ်စစ်အန္တရာယ်သတိပေးချက်ကို ဂရုပြုလိုက်နာရာရောက်သည့်အပြင် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရာရောက်ပါသည်။

မဏ္ဍပ်များတွင် မီးခလုတ်၊ မီးပလပ်၊ ဆော့ကတ်၊ ဘရိတ်ကာများကို မဏ္ဍပ်၏အတွင်းပိုင်း (ရေလှမ်းပက်ပါက ရေမရောက်နိုင်သည့်နေရာ)၊ မြင့်သောနေရာတို့တွင် တပ်ဆင်သင့်ပါသည်။ တစ်ကိုယ်လုံးရေစိုနေသူများ၊ ရေစိုနေသောလက်များဖြင့် လျှပ်စစ်ခလုတ်များဖွင့်ခြင်း၊ ပလပ်တပ်ခြင်းများ ရှောင်ကြဉ်ရပါမည်။ အလွန်အန္တရာယ်များပါသည်။

ထပ်မံ၍သတိပြုလိုသည်မှာ "ရုံးဆင်း၊ ရုံးပြန်မမေ့ရန် မီးနှင့်ပန်ကာပိတ်"ဟူသောဆောင်ပုဒ်အတိုင်း မဏ္ဍပ်များတွင် တစ်နေ့တာပြီးဆုံး၍ အသီးသီးပြန်ကြပါက နောက်ချန်တာဝန်ကျသူတို့က မဏ္ဍပ်ရှိ ရေမော်တာခလုတ်များ၊ လျှပ်စစ်ဓာတ်အားသုံးမီးဖို၊ လျှပ်စစ်ရေနွေးအိုး၊ ပန်ကာတို့ ပိတ်ပြီး၊ မပြီးစစ်ဆေးကြရန်လိုအပ်သည်။ ပို၍အရေးကြီးသည်မှာ လျှပ်စစ်ဓာတ်အားသုံးဝိုင်ယာကြိုးများ၊ ခလုတ်များတပ်ဆင်ရာတွင် လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်ရ မှတ်ပုံတင်လုပ်သားများဖြင့် စနစ်တကျတပ်ဆင်ဆက်သွယ်ရန်လိုပါသည်။

"Safety First" ဘေးအန္တရာယ်ကင်းရှင်းရေးသည် ပထမဆိုသကဲ့သို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားရင်း နှစ်သစ်သို့ ပျော်ရွှင်စွာ၊ မင်္ဂလာရှိရှိ ကူးပြောင်းနိုင်ရေးအတွက် မဟာသင်္ကြန်မဏ္ဍပ်များ၌ သတိပြုရမည့် လျှပ်စစ်ဓာတ်အားတပ်ဆင်သုံးစွဲမှုများကို အလေးအနက်ထားကြစေလိုကြောင်း ရေးသားအသိပေးလိုက်ရပါသည်။ ။

လျှပ်စစ်ဓာတ်အားကို ပေါ့လျော့စွာ အသုံးမပြုပါနှင့်။
သတိရှိရှိဖြင့် စနစ်တကျ အသုံးပြုသင့်ပါသည်။



လျှပ်စစ်ပစ္စည်း သုံးစွဲရာတွင် စံချိန်စံညွှန်းကိုက်ညီပြီး
အရည်အသွေးပြည့်ဝသည့် ပစ္စည်းများကိုသာအသုံးပြုပါ။




> **"Insulator Cover မပါရှိသော ကောင်းကင်ဓာတ်အားလိုင်းများရှိနေသေးရာ အဆိုပါဓာတ်အားလိုင်းအောက်၌ ရေကစားမဏ္ဍပ်ကို ခပ်မြင့်မြင့်ဆောက်ထားပါက ရေကစားကြရာမှ တစ်ခါတစ်ရံ ရေပိုက်ခေါင်းများကို ကောင်းကင်ပေါ်သို့ ထောင်ပက်မိသည့်အခါ ဓာတ်အားလိုင်းကြိုးများအနီး ရေရောက်ရှိသွားပါက ရေပိုက်ကိုင်ထားသူကို ဓာတ်လိုက်ပေမည်။ ထိုသို့ဓာတ်လိုက်ရာ၌ တစ်ဦးတစ်ယောက်တည်းနှင့်အဆုံးမသတ်ဘဲ ဓာတ်လိုက်နေသူ၏အနီးရှိ ရေစိုနေသူများကိုပါ ဓာတ်လိုက်မည်ဖြစ်ရာ အလွန်အန္တရာယ်များလှပေသည်"**

## ဥကပ်နေသော ရေချိုပုစွန်ထုပ်ကြီးများကို ဘေးမဲ့ပေးရန် နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီလ၊ မေလနှင့် ဇွန်လများတွင် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်ထုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်ထုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဧပြီလ၊ မေလနှင့် ဇွန်လများတွင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက **"ရေချိုငါးလုပ်ငန်းဥပဒေ"**ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်ထုပ်ကြီးများ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်ထုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ယင်းမာပင်မြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**ယင်းမာပင် ဧပြီ ၁၀**

ယင်းမာပင်မြို့၌ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းအစည်းအဝေးကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန့်က ကလေးသူငယ်များအတွက် အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ဥပဒေအရ ကလေးသူငယ်တိုင်း ခွဲခြားဆက်ဆံမှုကင်းပြီး တန်းတူညီမျှစွာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်ပိုင်ခွင့်များ အပြည့်အဝရရှိရေး၊ အကောင်းဆုံး အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပြီး ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်သီတာမိုးက ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ရရှိခံစားစေရန်နှင့် အခွင့်အရေးများကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ချက်ကိုရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက်တက်ရောက်လာသော ကော်မတီဝင်များက ကလေးသူငယ်တိုင်း ခွဲခြားဆက်ဆံမှုကင်းပြီး တန်းတူညီမျှစွာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်ပိုင်ခွင့်များ အပြည့်အဝရရှိရေး၊ အကောင်းဆုံး အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက်(Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ (ပုံ–၁)တွင်ဖော်ပြထားသည့် မြို့ကြီး(၄၁)မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း (၄၁)ခုတွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။


၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများကို တိုင်းတာသည့်စခန်း (၄၁)ခုအနက် မန္တလေး(ချမ်းအေးသာစံ)၊ မန္တလေး(ချမ်းမြသာစည်)၊ မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ ခန္တီး၊ လားရှိုး၊ တောင်ကြီး၊ မိုင်းဆတ်၊ ကျိုင်းတုံ၊ စစ်ကိုင်း၊ ဟုမ္မလင်း၊ မုံရွာ၊ ပျဉ်းမနား၊ ကသာ၊ ပြင်ဦးလွင်၊ ကလေးဝ၊ ရန်ကုန်(ကမ္ဘာအေး)၊ မှော်ဘီ၊ အောင်လံ၊ လွိုင်ကော်၊ စစ်တွေ၊ ပဲခူး၊ တောင်ငူ၊ ပုသိမ်၊ မအူပင်၊ ဟသ်ာတ၊ မော်လမြိုင်၊ ဘီးလင်း၊ ဘားအံ၊ ကော့ကရိတ်နှင့် မြိတ်စခန်းတို့တွင် မိုးရွာသွန်းခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် (၃၂)စခန်းအနက် (၂၆)စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး(6.5 – 8.5)အတွင်းတွင်ရှိပြီး ကျိုင်းတုံ၊ ဟုမ္မလင်း၊ ပျဉ်းမနား၊ မအူပင်၊ မော်လမြိုင်နှင့် ကော့ကရိတ်စခန်းများတွင် ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး(5.6 – 6.4)အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် (၃၂)စခန်း၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ–၂)




(ပုံ–၁)

(ပုံ–၂)၊ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




**၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | မြစ်ကြီးနား | ၆.၆ |
| ၄ | ပူတာအို | ၆.၉ |
| ၅ | ဗန်းမော် | ၆.၆ |
| ၆ | ခန္တီး | ၆.၅ |
| ၇ | လားရှိုး | ၇.၀ |
| ၈ | တောင်ကြီး | ၇.၀ |
| ၉ | မိုင်းဆတ် | ၆.၅ |
| ၁၀ | ကျိုင်းတုံ | ၆.၃ |
| ၁၁ | စစ်ကိုင်း | ၆.၈ |
| ၁၂ | ဟုမ္မလင်း | ၆.၄ |
| ၁၃ | မုံရွာ | ၆.၇ |
| ၁၄ | ပျဉ်းမနား | ၆.၄ |
| ၁၅ | ကသာ | ၆.၅ |
| ၁၆ | ပြင်ဦးလွင် | ၇.၀ |
| ၁၇ | ကလေးဝ | ၆.၈ |
| ၁၈ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ |
| ၁၉ | မှော်ဘီ | ၆.၆ |
| ၂၀ | အောင်လံ | ၇.၂ |
| ၂၁ | လွိုင်ကော် | ၇.၀ |
| ၂၂ | စစ်တွေ | ၆.၇ |
| ၂၃ | ပဲခူး | ၆.၈ |
| ၂၄ | တောင်ငူ | ၆.၈ |
| ၂၅ | ပုသိမ် | ၆.၉ |
| ၂၆ | မအူပင် | ၆.၃ |
| ၂၇ | ဟသ်ာတ | ၆.၈ |
| ၂၈ | မော်လမြိုင် | ၆.၂ |
| ၂၉ | ဘီးလင်း | ၆.၆ |
| ၃၀ | ဘားအံ | ၆.၈ |
| ၃၁ | ကော့ကရိတ် | ၆.၄ |
| ၃၂ | မြိတ် | ၇.၁ |



# ကျိုင်းတုံမြို့ နောင်တုံကန်အတွင်း သဲ၊ နုန်းများ ဆယ်ယူမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နောင်တုံကန်မှာ မြို့၏အထင်ကရနေရာတစ်ခုဖြစ်ပြီး တိုင်းတာချက်များအရ ကန်ရေပြင်အောက် သဲ၊ နုန်းဒုမှာ ၂ ဒသမ ၅ ပေခန့်ရှိသဖြင့် ကန်တိမ်ကောမှုမရှိစေရန်၊ ရေသန့်ရှင်းမှုရှိစေရန်နှင့် နောင်တုံကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်အတွက် စက်ယန္တရားကြီးများဖြင့် သဲ၊ နုန်းများ ဆယ်ယူမှုလုပ်ငန်းကို မတ် ၂၆ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ နောင်တုံကန်အတွင်း သဲ၊ နုန်းများဆယ်ယူမှုကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်ခင်ချောင်းမှ နောင်တုံကန်အတွင်းသို့ ရေသွင်းမြောင်းမှတစ်ဆင့် ရေသွင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၁၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၀၉,၃၂၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၁၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်( New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



## တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းက အင်ပင်ရှည်ကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဆူးပုတ်ကွေ့ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ဦးစီးအရာရှိ ဒေါ်မြင့်သင်္ဂီနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၆၁ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ဆူးပုတ်ကွေ့ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်မည့် အသင်းသား အသင်းသူ ၉၆ ဦးထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၆၁ သိန်းအား တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ခန္တီးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၁၀**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဦးစီးအဖွဲ့အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ မေ ၉ ရက် မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုံဟီးမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုံဟီးမြို့နှင့် နန်းယွန်းမြို့နယ် ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



### အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နန်းယွန်းမြို့ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ အဆောက်အအုံတည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ ဒုံဟီးမြို့နှင့် နန်းယွန်းမြို့နယ် ဒေသအဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် နန်းယွန်းမြို့နယ် စီမံအုပ်ချုပ်ရေအဖွဲ့ဥက္ကဋ္ဌထံ ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ပြီး ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ဒေသခံတောင်သူများထံ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကော်ဖီ၊ လက်ဖက်ပျိုးပင်များ ပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒုံဟီးမြို့ ထန်းရုန်းရပ်ကွက်ရှိ တောင်သူဦးအောင်သန်း စိုက်ပျိုးထားရှိသည့် ထောပတ်၊ သရက်၊ မက်မန်းဥယျာဉ်ခြံသုံးဧကကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ခန္တီးမြို့နယ် ခန္တီး-ဖားလမုန်း-တာမခံ-ညောင်ပင် လမ်းပေါ်ရှိ နန်ခမာချောင်းကူး ယာယီတံတားကို ဖြတ်သန်းကြည့်ရှုကာ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အလျား ၂၄ ပေ၊ အကျယ် ပေ ၂၀၊ Box Culvert သုံးစင်းနှင့် အလျား ၂၄ ပေ၊ အကျယ် ငါးပေ Box Culvert ၁၀ စင်း တည်ဆောက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဟင်္သာတမြို့ ပဒေသာဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဟင်္သာတ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ဈေးများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက ဥယျာဉ်မြောက်ရပ်ရှိ ပဒေသာဈေးကြီး၌ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပဒေသာဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၆၀ တက်ရောက်ခဲ့ကြပြီး မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ရေစုပ်စက်များ၊ ရေတင်စက်များ၊ ဈေးအတွင်းအသင့်တပ်ဆင်ထားရှိသော မီးသတ်ပိုက်များ အသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

ဟင်္သာတမြို့ ပဒေသာဈေးကြီးတွင် ဈေးဆိုင်ခန်းပေါင်း ၁၂၁၀ နှင့် ဌေးဝင်းဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၅၇၅ ခန်း ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်းနှင့် ဈေးတွင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးကြိုးများ အန္တရာယ်ကင်းရှင်းရေး၊ မီးသတ်ရေကန် နှင့် မီးငြှိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်ခြင်း ရှိ/မရှိ များကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိန္ဒိယသမ္မတ ဒရောပါဒီမာမူ တိုက်လေယာဉ်ပေါ် လိုက်ပါစီးနင်းသည့် တတိယမြောက်သမ္မတ ဖြစ်လာ



နယူးဒေလီ ဧပြီ ၁၀

အိန္ဒိယသမ္မတ ဒရောပါဒီမာမူသည် ဧပြီ ၈ ရက်တွင် တိုက်လေယာဉ်ပေါ်လိုက်ပါစီးနင်းကာ တိုက်လေယာဉ်များ၏ ကြံ့ခိုင်မှုကို စစ်ဆေးခဲ့ပြီးနောက် နိုင်ငံ၏ တိုက်လေယာဉ်ပေါ်လိုက်ပါစီးနင်းသည့် တတိယမြောက်သမ္မတနှင့် ဒုတိယမြောက် အမျိုးသမီးသမ္မတဖြစ်လာကြောင်း သိရသည်။

သမ္မတ ဒရောပါဒီမာမူ လိုက်ပါစီးနင်းသည့် Su-30 MKI တိုက်လေယာဉ်သည် အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ တက်ဇ်ပါ လေတပ်စခန်းမှဖြစ်ကြောင်း အိန္ဒိယသမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သမ္မတ ဒရောပါဒီမာမူသည် မြေပြင်ပေါ်သို့ မဆင်းသက်မီ ကောင်းကင်ယံ၌ မိနစ် ၃၀ ခန့် ပျံသန်းခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ တိုက်လေယာဉ်သည် မီတာ ၂၀၀၀ အမြင့်တွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ အမြန်နှုန်းဖြင့် ပျံသန်းခဲ့သည်။

တိုက်လေယာဉ်စီးနင်းနိုင်ရန် စီစဉ်ပေးသည့်အတွက် အိန္ဒိယလေတပ်နဲ့ တက်ဇ်ပါ လေတပ်စခန်းကို ဂုဏ်ပြုပါကြောင်း သမ္မတ ဒရောပါဒီမာမူက ဧည့်သည်တော်စာအုပ်တွင် ရေးသားခဲ့သည်။

အိန္ဒိယလေကြောင်း စစ်ဆင်ရေးနှင့် စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး လေတပ်စခန်းတာဝန်ရှိသူများက သမ္မတ ဒရောပါဒီမာမူကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်၌ တရုတ်နိုင်ငံတကာစားသုံးသူ ထုတ်ကုန်ပြပွဲကျင်းပ

ဟိုင်ကူ ဧပြီ ၁၀

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုင်ကူမြို့၌ ယမန်နေ့က ကျင်းပသည့် သုံးကြိမ်မြောက် တရုတ်နိုင်ငံတကာစားသုံးသူထုတ်ကုန်ပြပွဲ၌ ပြည်တွင်းနှင့် နိုင်ငံတကာမှ အရည်အသွေးမြင့်ထုတ်ကုန် ၃၃၀၀ ကျော်ကို ပြသခဲ့ကြောင်း သိရသည်။

၎င်းပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စားသုံးသူများအကြား ကုန်ပစ္စည်းသုံးစွဲမှု ပြန်လည်ဦးမော့လာခြင်းကိုမြှင့်တင်ရန်နှင့် တရုတ်နိုင်ငံရှိဈေးကွက်ကို နိုင်ငံတကာရှိ ကုမ္ပဏီများအတွက် လုပ်ငန်းချဲ့ထွင်ရန် အခွင့်အလမ်းများပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့်ပြပွဲတွင် အစိမ်းရောင်ကုန်ပစ္စည်းသုံးစွဲမှု၊ ခိုင်မာသည့် ကုန်ပစ္စည်းသုံးစွဲမှု စသည့်ခေါင်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ပြီး ကုန်ပစ္စည်းသုံးစွဲမှုမြှင့်တင်ရေး အစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီး Wang Wentao က ပြောကြားသည်။ ယခုကုန်စည်ပြပွဲသည် ကုန်ပစ္စည်းဝယ်ယူသူများနှင့် ပြသရောင်းချမှုများအကြား ဆက်ဆံရေးမြှင့်တင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ သက်ကြီးရွယ်အိုများအကြား ရောဂါဖြစ်ပွားမှုမြင့်တက်

ဟန္နိုင်း ဧပြီ ၁၀

ဗီယက်နမ်နိုင်ငံ၌ သက်ကြီးရွယ်အိုများအကြား ရောဂါဖြစ်ပွားမှုမြင့်တက်လာပြီးသက်တမ်းတိုတောင်းလာကြောင်း ဒေသန္တရမီဒီယာက ယနေ့ပြောကြားသည်။

လက်ရှိအချိန်၌ သက်ကြီးရွယ်အိုများ၏ ပျမ်းမျှလူ့သက်တမ်းသည် ၆၄ နှစ်အထိသာရှိနေသောကြောင့် ၎င်းတို့ကိုယ်တိုင် ပိုမိုကျန်းမာစွာအသက်ရှည်နေထိုင်ရေးအတွက် ပူပန်မှုများရှိလာကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ဆိုသည်။

နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အို ၆၂ ဒသမ ၃ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ ခံစားနေရသည်။ ၂၀၄၉ ခုနှစ်အရောက်တွင် အထူးကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သည့် သက်ကြီးရွယ်အိုဦးရေသည် လက်ရှိအရေအတွက် လေးသန်းထက် ၂ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။ ထို့ပြင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများနှင့် လူမှုစောင့်ရှောက်ရေးလုပ်ငန်းများ၏ အရေအတွက်နှင့် စွမ်းရည်မှာ အကန့်အသတ်များ ရှိနေကြောင်း ဗီယက်နမ်နိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာအဖွဲ့အစည်းတာဝန်ရှိသူ Pham Thang ကပြောကြားသည်။ လက်ရှိတွင် နိုင်ငံအတွင်း သက်ကြီးရွယ်အိုဦးရေ ၁၁ ဒသမ ၄ သန်းခန့်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# တရုတ်နိုင်ငံက လျှုဒါန်းသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အာဖဂန်နစ္စတန်ပြည်သူများအား ဖြန့်ဝေပေး

ကဘူးလ် ဧပြီ ၁၀

အာဖဂန်နစ္စတန်အစိုးရက နိုင်ငံမြောက်ဘက်ပိုင်းရှိ ဂျော်ဂျန်ပြည်နယ်၌ ဆင်းရဲနွမ်းပါးသော မိသားစုဝင် ၄၇ ဦးအား တရုတ်နိုင်ငံက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဆန်အိတ်များ၊ ရွက်ဖျင်တဲများနှင့် ဆောင်းရာသီအဝတ်အစားများ အပါအဝင် အခြားထောက်ပံ့ရေးပစ္စည်းများကို ပြည်နယ်မြို့တော် ရှီဘာဂန်မြို့၌ ဧပြီ ၈ ရက်တွင် အာဏာပိုင်များက ဝေငှပေးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုရေးရာ ပြည်နယ်ညွှန်ကြားရေးမှူး မော်လာဝီ ဆီရာဂျူဒင်ဆီရာဂျီက ယမန်နေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဘမ်ရမ်နှင့် အနောက်ပိုင်း နမ်ရွှဇ်ပြည်နယ်များရှိ ဆင်းရဲနွမ်းပါးသူ မိသားစု ၈၀၀ ကျော်အား ဆန်နှင့် ဂျုံအပါအဝင် အခြားစားနပ်ရိက္ခာများကို အစောပိုင်းတွင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သောနှစ်အတွင်း စစ်ဘေးသင့်ပြည်သူများ၊ လျောင်ဒဏ်သင့်ပြည်သူများနှင့် ရေဘေးသင့်မိသားစုများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ဆောင်းရာသီအဝတ်အစားများ၊ ရွက်ဖျင်တဲများနှင့် အခြားစားနပ်ရိက္ခာများကို ထောက်ပံ့ပေးခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက ကီလိုမီတာ ၄၀၀ ကျော်ရှိသော ဟိုက်ဒရိုဂျင် ပိုက်လိုင်းတစ်ခုတည်ဆောက်ရန် စီစဉ်

ပေကျင်း ဧပြီ ၁၀

တရုတ်အစိုးရက နိုင်ငံ၏အရင်းအမြစ်ကြွယ်ဝသော အနောက်ဘက်ပိုင်းမှ အရှေ့ဘက်ပိုင်းရှိ စွမ်းအင်သုံးစွဲမှုများသည့် ဒေသများသို့ သန့်ရှင်းသော လောင်စာဆီများကို ပေးပို့ပေးနိုင်ရန် ရည်ရွယ်ပြီး ကီလိုမီတာ ၄၀၀ ကျော်ရှိသော ဟိုက်ဒရိုဂျင်ပိုက်လိုင်းတစ်ခုကို တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံမြောက်ဘက် မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယူလန်ကွက်မှ ပေကျင်းမြို့တော်သို့ ဟိုက်ဒရိုဂျင် သွယ်တန်းပေးမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံ၏ပထမဆုံး ဒေသဖြတ်ကျော် ဟိုက်ဒရိုဂျင် ပိုက်လိုင်းဖြစ်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အကြီးဆုံး ရေနံသန့်စင်လုပ်ငန်း စီနိုပက်စ်ဥက္ကဋ္ဌ မာယောင်ရှင်က ပြောကြားသည်။



ပထမအဆင့်တွင် ပိုက်လိုင်းသည် တစ်နှစ်လျှင် ဟိုက်ဒရိုဂျင်တန်ချိန် ၁၀၀၀၀၀ ခန့် ပေးပို့နိုင်မည်ဖြစ်ပြီး အနာဂတ်ကာလတွင် တန်ချိန် ၅၀၀၀၀၀ ခန့်တိုးမြှင့်ပေးပို့နိုင်မည်ဖြစ်သည်။

အတွင်းမွန်ဂိုလီးယားဒေသမှ ယခုလောင်စာဆီထောက်ပံ့မှုသည် ပေကျင်း-တီယန်ကျင်း-ဟူဘေးဒေသရှိ ရုပ်ကြွင်းလောင်စာများမှ လက်ရှိ ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုကို အစားထိုးမည်ဖြစ်သည်။

ထို့ပြင် ယင်းသို့ဟိုက်ဒရိုဂျင် ပိုက်လိုင်းတည်ဆောက်မှုစီမံကိန်းသည် ဒေသဖြတ်ကျော် ဟိုက်ဒရိုဂျင်ထုတ်လွှင့်မှုအတွက် ရှေ့ဆောင်အခန်းကဏ္ဍမှ ပါဝင်ကာ နိုင်ငံ၏စွမ်းအင်အဆင့်မြှင့်တင်မှုကိုလည်း အကျိုးရှိစေမည်ဖြစ်ကြောင်း မာယောင်ရှင်က ပြောကြားသည်။

အဆိုပါစီမံကိန်းသည် နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့တည်ဆောက်ရေး အစီအစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း အမျိုးသား စွမ်းအင်စီမံခန့်ခွဲရေးဌာန၏ မတ်လအတွင်း ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ထွန်းနိုင်ဦး(ခ) ကိုထွန်း၏နေအိမ်ကို သတင်းအရရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၄ နာရီခွဲက ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ကလေး-တမူးကားဝင်းတွင် သိမ်းဆည်းရမိဘိန်းဖြူများ လာရောက်အပ်နှံခဲ့သည့် ထက်ဇော်(ခ) အငယ်လေးကို ၎င်းမူးယစ်ဆေးဝါးများ သယ်ဆောင်သည့် Hiace ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ရန်ပိုင်ဌေး(ခ)ကိုပိုင်ကို ၎င်း၏နေအိမ်တွင် ဘိန်းဖြူအလေးချိန် ၁၁ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများအား မန္တလေးမှ ကလေးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိသည်။



ဂွမ်းမိုင် (ခ)မာဂွမ်း၊ အဆာဖနှင့် ဇော်လတ်တို့ကို သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ/ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ထွန်းနိုင်ဦး(ခ)ကိုထွန်း၊ ထက်ဇော်(ခ)အငယ်လေး၊ ရန်ပိုင်ဌေး(ခ) ကိုပိုင်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ အိုက်ကော(ခ)လောက်အယ်၏နေအိမ်ကို သတင်းအရရှာဖွေရာ ဂွမ်းမိုင် (ခ)မာဂွမ်း၊ အဆာဖနှင့် ဇော်လတ်တို့ သုံးဦးကို M 21 ရိုင်ဖယ် ၁၃ လက်၊ ပါရီအမျိုးအစား 81 ရိုင်ဖယ်ဒင်ခေါက် တစ်လက်၊ .22 Sniper ပါ တစ်လက်၊ ၁၂ ဗို့ ၁ လုံးထိုးပြောင်းချောသေနတ် တစ်လက်၊ လက်လုပ်သေနတ်ဒင်ခေါက် တစ်လက်၊ ၇ ဒသမ ၆၂ x ၃၉ ကျည် ၈၉ တောင့်၊ ကြိုးဆွဲလက်ပစ်ဗုံးတစ်လုံး၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လက်နက်ပြုပြင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ အိုက်ကော(ခ)လောက်အယ်ပိုင်ဆိုင်သည့် နေအိမ်ကို ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၅၀၊ ကက်တမင်း ရှစ်ဂရမ်၊ စိတ်ပြောင်းဆေးဝါး Happy Water ၉၉ ဂရမ်၊ ကျည်မျိုးစုံ ၂၉ တောင့်နှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်း စက်မှုဇုန်မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Toyota Corolla ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမကြီး ကြက်ဘဲဈေးမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၆ ရက်နှင့် ၇ ရက်တို့တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့များက ကုန်သေတ္တာရှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော Toy Small Remote Control Car ၃၂၄ စီး၊ P Trap ပါဝင်သော Orissa Pan အစုံ ၅၀၀၊ PVC Edge Banding ၁၆၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၀၀၀၀)၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော ကြွေထည်ပစ္စည်းများ ၄၄၃၆ ကီလိုဂရမ်၊ ဖန်ထည်ပစ္စည်းများ ၄၇၈၉၁ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၅မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၃၂၁၆၂၅)၊ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့်ရက် ၆၁ ရက်ကျော်လွန်သော VAREM Pressure Tank ၈၂၈ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၃၇၉၁၀ ကိုလည်းကောင်း၊ မေ ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအား ဆိပ်ကမ်းစာရွက်စာတမ်း အတုများဖြင့် ထုတ်ယူရန်ကြံစည်အားထုတ်ခဲ့သောကြောင့် ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်ဦးစီးဌာန ပူးပေါင်းအဖွဲ့က အဆိုပါ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ



ဆေးသုတ်ထားသော သွပ်ရည်စိမ်သံပြားအလိပ်များ ၁၆၅၀၈၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၃၄၁၀၂၅) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၂၁၀၅၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မေ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးအား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်သစ်ခွဲသားချောင်းဆိုဒ်စုံ ၃ ဒသမ ၇၉၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၇၈၄၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်သော Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်၄၆၃၇၈၄၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပုသိမ်မြို့ ပုသိမ်-ရန်ကုန်ကားလမ်း ကိုးဆူကျေးရွာ စစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Mitsubishi အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနအသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ် တို့အတွင်း တရားမဝင်ကျွန်းသစ် ၅ ဒသမ ၁၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၃၂၅၆)ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၈၄၄၂၂၁၆)ကျပ် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# နေပြည်တော် တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈ သိန်းကျော် သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၀**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၅ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ပင်လောင်း-တပ်ကုန်းသွားကားလမ်း၊ ကင်းသာစစ်ဆေးရေးဂိတ်တွင် ပင်လောင်းမှ တပ်ကုန်းသို့ သန်းဦးမောင်းနှင်ပြီး ကျော်ကျော်လွင်(ခ)ကျော်လွင်နှင့် သန်းစုဇော်တို့ လိုက်ပါလာသည့် Surf ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၂၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၇၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသင့်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# သင်္ကြန်ကာလအတွင်း မန္တလေးမြို့ပေါ်ရှိ သင်္ကြန်မဏ္ဍပ်များအား ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရန် စီစဉ်လျက်ရှိသည့် မန္တလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်နေသည့် နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင်အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။


ထို့အပြင် မန္တလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့အတွင်း အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုကို နှောင့်ယှက်ဖျက်ဆီးရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန်အတွက် မန္တလေးမြို့အတွင်းရှိ သင်္ကြန်မဏ္ဍပ်များအား ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများက လျှို့ဝှက်စွာ သတင်းပေးပို့ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း မန္တလေးမြို့အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သမားများ၏ အန္တရာယ်မှ တားဆီးကာကွယ် နှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား ကြိုတင် သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ် ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် စုံစမ်းစစ်ဆေး ဖော်ထုတ်မှုများကြောင့် မေ ၆ ရက် ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၄၇ လမ်းနှင့် ၄၈ လမ်းကြား၊ ၁၁၇(E)လမ်းရှိ မြရည်နန္ဒာအိမ်ရာ တိုက်အမှတ် (မမ-၁၅/၂၁) အခန်းအမှတ်(၃၁)တွင် Special Task Force – STF PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဇော်မင်းသိန်း(ခ) မြတ်သူ**အား Glock ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ပွိုင့်-၃၈၀ ကျည် ငါးတောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဇော်မင်းသိန်း (ခ)မြတ်သူ**၏ ထွက်ဆိုချက်အရ မေ ၇ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရန်ကျန်တရားခံ Special Task Force – STF PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **အီဗန်**သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၂ လမ်း ၃၉ လမ်းနှင့်လမ်း ၄၀ ကြားရှိ “ငြိမ်းသာယာ” အဆောင်၌ လက်နက်/ ခဲယမ်းများနှင့်အတူ ခိုအောင်းနေထိုင်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ အကြမ်းဖက်အဖွဲ့ဝင် **နန်းမျိုးအောင်နှင့် ရှိုင်းဝဏ္ဏထွန်း (ခ) ရှိုင်းရှိုင်း(ခ)ကတိုး**တို့ကို လက်လုပ်ပစ္စတို သုံးလက်၊ ၉ မမ ကျည် ၁၃ တောင့်၊ ကြိုးဆွဲလက်ပစ်ဗုံး ခြောက်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မေ ၈ ရက် နံနက်ပိုင်းတွင် Royal Phoenix Guerilla Force PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များနှင့် Special Task Force–STF **စာမျက်နှာ ၁၆ သို့** ❂

PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များက မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်အား Drone ယာဉ်အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်မှုပြုလုပ်နိုင်ရန်အတွက် ရွေးချယ်ထားသည့် နန်းတော်၏ တစ်မိုင်ပတ်လည်အတွင်းရှိ နေရာ သုံးနေရာပြပုံ



ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ မြရည်နန္ဒာအိမ်ရာ၌ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ



ဇော်မင်းသိန်း(ခ)မြတ်သူ





သော်တာထွန်း

စစ်ကိုင်းတိုင်းဒေသကြီး အုတ်ဖိုရွာ စာသင်ကျောင်းတွင် အရှင်ဖမ်းဆီးရမိခဲ့သည့် သောင်းကျန်းသူအဖွဲ့ဝင် တစ်ဦး၏ မှတ်တမ်းဓာတ်ပုံ

ချမ်းအေးသာစံမြို့နယ် ၇၂ လမ်း ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရှိ “ငြိမ်းသာယာ”အဆောင်၌ ဖမ်းဆီးရမိသည့် တရားခံ နှစ်ဦးနှင့် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ လက်ပစ်ဗုံးများ မှတ်တမ်းဓာတ်ပုံ



နန်းမျိုးအောင်



ရှိုင်းဝဏ္ဏထွန်း(ခ) ရှိုင်းရှိုင်း(ခ)ကတိုး



၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက် အမှတ်(အ-၁/၆၄)နေအိမ်တွင် အကြမ်းဖက်သူများက လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အမျိုးသမီး နှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ



မဝါဝါနှင်း (၃၁) နှစ်



ဒေါ်ကြည်ကြည်စန်း (၅၇) နှစ်

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ် ခေမာလာမြောက်ရပ်ကွက် အကွက်အမှတ် (၆၅၀)တွင် အကြမ်းဖက်သူများက လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ တစ်ဦး၏ မှတ်တမ်းဓာတ်ပုံ



ဦးကျော်ဇင်ထက် (၂၇) နှစ်

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်တွင် အကြမ်းဖက်သူများက လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ရစဖမှူး၏ မှတ်တမ်းဓာတ်ပုံ



ဦးစောမောင် (၆၅) နှစ်

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်
သင်ပန်းကုန်းရပ်ကွက်ရှိ "ရတနာမိုး(၂)" အအေးဆိုင်တွင် ပစ်ခတ်မှုကြောင့်
သေဆုံးခဲ့သူ၏ မှတ်တမ်းဓာတ်ပုံ


ဦးသန့်ဇင်ဝင်း (၃၀) နှစ်


(စိစစ်ဆဲ)အမျိုးသား တစ်ဦး

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင်
ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင်
အကြမ်းဖက်သူများမှ လုပ်ကြံသတ်ဖြတ်မှုကြောင့်
သေဆုံးခဲ့သည့် ရစဖမှူး၏ မှတ်တမ်းဓာတ်ပုံ


ရစဖမှူး ဦးခင်မောင်ငြိမ်း (၆၆)နှစ်

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင်
ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်
တွင် အကြမ်းဖက်သူများမှ လုပ်ကြံသတ်ဖြတ်မှု
ကြောင့် သေဆုံးခဲ့သည့် ရစဖမှူး၏ မှတ်တမ်းဓာတ်ပုံ


ရစဖမှူး ဦးဇော်ဝင်းထွန်း (၅၆)နှစ်

၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်
သင်ပန်းကုန်းရပ်ကွက်တွင် အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့်
သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ နှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ


ဦးသိန်းသန်းစိုး (၂၃) နှစ်


မပုံပုံ (၂၃) နှစ်

၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင်
ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်တွင်
အကြမ်းဖက်သူများမှ လုပ်ကြံသတ်ဖြတ်မှုကြောင့်
သေဆုံးခဲ့သည့် ရာအိမ်မှူး၏ မှတ်တမ်းဓာတ်ပုံ


ရာအိမ်မှူး ဦးစန်းအောင် (၅၂)နှစ်

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်
ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင်
အကြမ်းဖက်သူများမှ လုပ်ကြံသတ်ဖြတ်မှုကြောင့်
သေဆုံးခဲ့သည့် ရာအိမ်မှူး၏ မှတ်တမ်းဓာတ်ပုံ


ရာအိမ်မှူး ဦးသာဌေး (၆၉)နှစ်

၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်တွင် အကြမ်းဖက်သူများ၏
လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သည့် ရစဖမှူးနှင့်
အပြစ်မဲ့ပြည်သူ တစ်ဦး၏ မှတ်တမ်းဓာတ်ပုံ


ရစဖမှူး ဦးစိုးမင်းဟန် (၄၂)နှစ်


ဦးမျိုးဆန်းဦး (၂၆) နှစ် (စိုးရိမ်ရ) ဒဏ်ရာ

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဦးသျှောင်ရပ်ကွက်
အကွက်(၅၀၁) ၈၄ လမ်းနှင့် စကိုင်းလမ်းသွယ်ရှိ ဝသုန္ဓေမွှေးရုံတွင်
လက်လုပ်ဗုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ





✪ စာမျက်နှာ ၁၅ မှ

PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့နယ် အုတ်ဖိုကျေးရွာ စာသင်ကျောင်းနှင့် ကျေးရွာအနီး ပတ်ဝန်းကျင် တစ်ဝိုက်တွင် ခိုအောင်းနေထိုင်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ PDFအကြမ်းဖက်အဖွဲ့ဝင် **သော်တာထွန်း(၃၄) နှစ်** ပြည်ကြီးတံခွန်မြို့နယ်နေသူအား FGC- 9 တစ်လက်၊ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ ကျည်အိမ် ငါးခု၊ ကျည်မျိုးစုံ ၁၁၅ တောင့်၊ တရုတ်လက်ပစ်ဗုံး ၈၁ လုံး၊ လက်လုပ်စိန်ပြောင်းဗုံးသီး ၂၈ လုံး၊ လက်လုပ်မိုင်း ၁၅ လုံး၊ လက်လုပ် Drop ဗုံး ငါးလုံး၊ ယမ်းမှုန့် ပိဿာ ၂၀၊ ယမ်းကြိုး ပေ ၇၀၊ ဒီတိုနေတာ အချောင်း ၁၀၀၊ မှန်ပြောင်း တစ်လက်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးထုပ် တစ်လုံး၊ လမ်းလျှောက် စကားပြောစက် လေးလုံး၊ ပြောက်ကျားယူနီဖောင်း အစုံ ၆၀၊ ပြောက်ကျား လည်တိုဖိနပ်အရန် ၂၀၊ ဆေးပစ္စည်းမျိုးစုံ နှစ်ဖာ၊ ဆိုင်ကယ် ကိုးစီး၊ သံဖြတ်စက်/ ဖောက်စက် ခုနစ်လုံး၊ လက်ထိပ် တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံကျားလေးဦးတို့ကို Glock ပစ္စတို တစ်လက်၊ FGC- 9 တစ်လက်၊ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်ပစ္စတို သုံးလက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ ကျည်အိမ် ခြောက်ခု၊ ၉ မမကျည် ၁၃ တောင့်၊ ပွိုင့်-၃၈၀ ကျည် ငါးတောင့်၊ ကျည်မျိုးစုံ ၁၁၅ တောင့်၊ တရုတ်လက်ပစ်ဗုံး ၈၁ လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး ခြောက်လုံး၊ လက်လုပ်စိန်ပြောင်းဗုံးသီး ၂၈ လုံး၊ လက်လုပ်မိုင်း ၁၅ လုံး၊ လက်လုပ် Drop ဗုံး ငါးလုံး၊ ယမ်းမှုန့် ပိဿာ ၂၀၊ ယမ်းကြိုး ပေ ၇၀၊ ဒီတိုနေတာ အချောင်း ၁၀၀၊ မှန်ပြောင်း တစ်လက်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးထုပ် တစ်လုံး၊ လမ်းလျှောက် စကားပြောစက် လေးလုံး၊ ပြောက်ကျားယူနီဖောင်း အစုံ ၆၀၊ ပြောက်ကျားလည်တိုဖိနပ် အရန် ၂၀၊ ဆေးပစ္စည်းမျိုးစုံ နှစ်ဖာ၊ ဆိုင်ကယ် ကိုးစီး၊ သံဖြတ်စက်/ဖောက်စက် ခုနစ်လုံး၊ လက်ထိပ် တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဇော်မင်းသိန်း(ခ) မြတ်သူ**သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ငါန်းဇွန်မြို့နယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်း ၁၄ ရက်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် Special Task Force-STF အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန် ကျန်တရားခံ **အီဗန်** ခေါင်းဆောင်၍ **ဇော်မင်းသိန်း(ခ)မြတ်သူ၊ နန်းမျိုးအောင်၊ စိုင်းဝဏ္ဏထွန်း(ခ) ရှိုင်းရှိုင်း(ခ)ကတုံးတို့နှင့်** ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သည့် **ကိုထက်၊ ဂျက်ကြီး၊ တက်တူး၊ ခိခိ၊ ဂုတ်၊ မင်းသန့်၊ လပ်ကီး၊ ခန့်သူ** အပါအဝင် ၁၅ ဦးဖြင့်အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**Special Task Force-STF PDF** အမည်ခံ အကြမ်းဖက်အဖွဲ့ အနေဖြင့် CRPH၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့များထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ လက်နက်/ ခဲယမ်းများနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ ဝယ်ယူစုဆောင်းကာ နိုင်ငံတော်၏ အုပ်ချုပ်မှု ယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အပြစ်မဲ့ ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်နှင့် ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

❖ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် **ဇော်မင်းသိန်း(ခ)မြတ်သူ**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **အီဗန်**တို့သည် ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက် အမှတ် (အ-၁/၆၄) နေအိမ်တွင် အပြစ်မဲ့ပြည်သူ မဝါဝါနှင်းနှင့် ဒေါ်ကြည်ကြည်စန်းတို့ကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။

❖ နိုဝင်ဘာ ၂၀ ရက်တွင် **ဇော်မင်းသိန်း(ခ) မြတ်သူ**သည် မဟာအောင်မြေမြို့နယ် ခေမမာလာမြောက်ရပ်ကွက် အကွက်အမှတ် (၆၅၀)တွင် အပြစ်မဲ့ပြည်သူ ဦးကျော်ဇင်ထက်အား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။

❖ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဖမ်းဆီးရန် ကျန်တရားခံ **အီဗန်နှင့် မင်းသန့်**တို့သည် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောမောင်ကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **ဇော်မင်းသိန်း(ခ) မြတ်သူ**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇန်နဝါရီ ၂၀ ရက်တွင် **ဇော်မင်းသိန်း(ခ) မြတ်သူ**သည် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ "ရတနာမိုး (၂)" အအေးဆိုင်တွင် အပြစ်မဲ့ပြည်သူ ဦးသန့်ဇင်ဝင်းနှင့် စိစစ်ဆဲ အမျိုးသား တစ်ဦးတို့ကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။

❖ ဇန်နဝါရီ ၂၇ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အီဗန်၊ ကိုထက်နှင့် မင်းသန့်** တို့သည် ပြည်ကြီးတံခွန် မြို့နယ် သင်ပန်းကုန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ငြိမ်းအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဇော်မင်းသိန်း(ခ) မြတ်သူ**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

စာမျက်နှာ ၁၇ သို့ ✪





စစ်ကိုင်းတိုင်းဒေသကြီး အုတ်ဖိုစာသင်ကျောင်းသို့ ဝင်ရောက်ရှင်းလင်းစဉ် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း မှတ်တမ်းဓာတ်ပုံများ။











❂ စာမျက်နှာ ၁၆ မှ

❖ ဖေဖော်ဝါရီ ၄ ရက်တွင် ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သည့် **အီဗန်၊ ခိခိ၊ လပ်ကီးနှင့် ဂျက်ကြီး** တို့သည် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ရာအိမ်မှူး ဦးသာဌွေးအား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဇော်မင်းသိန်း (ခ) မြတ်သူ**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အီဗန်**နှင့် **ကိုထက်**တို့သည် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထွန်းကို ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဇော်မင်းသိန်း (ခ) မြတ်သူ**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ မတ် ၁၁ ရက်တွင် **ဇော်မင်းသိန်း(ခ) မြတ်သူ**သည် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ အပြစ်မဲ့ပြည်သူ ဦးသိန်းသန်းစိုးနှင့် မပုံပုံ တို့အား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

❖ မတ် ၃၁ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အီဗန်၊ ခိခိ၊ တက်တူးနှင့် ဂျက်ကြီး** တို့သည် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ရာအိမ်မှူး ဦးစန်းအောင်အား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **ဇော်မင်းသိန်း(ခ)မြတ်သူ**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဧပြီ ၃ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အီဗန်၊ ခိခိ၊ တက်တူးနှင့် ဂျက်ကြီး**တို့သည် ပြည်ကြီးတံခွန်မြို့နယ်(ဆ)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းဟာန်နှင့် အပြစ်မဲ့ပြည်သူဦးမျိုးဆန်းဦးတို့အား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး**ဇော်မင်းသိန်း(ခ)မြတ်သူ**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

ထို့အပြင် **Special Task Force–STF PDF** အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဇော်မင်းသိန်း(ခ)မြတ်သူ၊ ကိုထက်**နှင့် **အီဗန်**တို့သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဦးသျှောင်ရပ်ကွက် အကွက် (၅၀၁) ၈၄ လမ်းနှင့် စကိုင်းလမ်းသွယ်ရှိ ဝသုန္ဒြေဓမ္မာရုံအား လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်နှင့် ပျော်ရွှင်စွာ ဆင်နွှဲနေမှုအား နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်၍ မန္တလေးမြို့အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် စီစဉ်ထားကြောင်း–

❖ မန္တလာသီရိဘောလုံးကွင်း အနောက်ဘက် Ocean Supercenter အနီးရှိ ရေကစားမဏ္ဍပ်နေရာ။

❖ မန္တလေးနန်းတွင်း ကျုံးရှေ့ သင်္ကြန်မဏ္ဍပ်နေရာများ။

❖ သင်္ကြန်ကာလအတွင်း လူစည်ကားသော နေရာများ။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်အား Drone ယာဉ်အသုံးပြု၍ Drop Bomb ချတိုက်ခိုက်မှုပြုလုပ်နိုင်ရန်အတွက် နန်းတော်၏ တစ်မိုင်ပတ်လည်အတွင်းရှိ နေရာ သုံးနေရာ ရွေးချယ်ထားရှိကြောင်း ဖော်ထုတ် သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်လျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နေ ခင်ခင်ထိုက်သည် ၎င်းအသုံးပြုသည့် “Khin Khin Htite” Facebook အကောင့်၊ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်နေ ကောင်းမြတ်မိုးသည် ၎င်းအသုံးပြုသည့် “Kaung Myat Moe” Facebook အကောင့်နှင့် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာနေ ခင်ဇော်သည် ၎င်းအသုံးပြုသည့် “Khin Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၄၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၂၈၁၀ |
| 95 Ron | ၂၃၁၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၃၆၀ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၅ | ၂၃၅၅ | ၂၃၇၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၅ | ၂၆၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၀၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၂၄၀ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၀ | ၂၅၂၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၀၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၂၄၀ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၀ | ၂၅၂၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၂ | ၂၁၉၈ |
| 95 Ron | ၂၂၀၁ | ၂၂၇၉ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၈ |
| HSD (50 ppm) | ၂၀၉၂ | ၂၁၆၃ |
| HSD (10 ppm) | ၂၀၉၂ | ၂၁၆၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သီတဂူစက္ခုဒါနအလှူတော် (ရန်ကုန်)တွင် မျက်စိဝေဒနာရှင်ပေါင်း ၁၂၃၇ ဦး အခမဲ့စမ်းသပ်စစ်ဆေးပြီး ၁၂၄ ဦး ခွဲစိတ်ကုသပေး

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၁၀) ပင်လုံလမ်းတွင်တည်ရှိသော သီတဂူဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ရှစ်ထပ်ကျောင်းဆောင် သီတဂူစက္ခုဒါန အဆင့်မြင့်ဆေးရုံကြီးတွင် မျက်စိခွဲစိတ်ကုသပေးနေမှုများကို မေ ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက် ကြည့်ရှုအားပေးကြသည်။



**အားပေးစကားပြောကြား**

ထို့နောက် မျက်စိခွဲစိတ်ကုသရန် လာရောက်ကြသူများ၊ လူနာစောင့်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြည့်ရှု၍ လူနာများကို အားပေးစကားပြောကြားသည်။

ယင်းနောက် မျက်စိအထူးကုဆရာဝန်တစ်ဦးက မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စက္ခုဒါနဆေးရုံတွင် တပ်ဆင်ထားသည့် ခေတ်မီ စမ်းသပ်စစ်ဆေးသည့် စက်သစ်ကြီးများဖြင့် လူနာများအား မျက်စိစမ်းသပ်စစ်ဆေးနေမှု၊ လိုအပ်ပါက ခွဲစိတ်ကုသပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထိုသို့ မျက်စိခွဲစိတ်ပြီးသူများအား သီတဂူဆရာတော်ကြီး ကိုယ်တိုင် နေကာမျက်မှန် တပ်ဆင်ပေးပြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက လူနာတင်ယာဉ်များဖြင့် အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးလျက်ရှိရာ ရန်ကင်း၊ ဒဂုံဆိပ်ကမ်း၊ တောင်ဥက္ကလာပ၊ မှော်ဘီမြို့နယ်တို့အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင်များ လာရောက်ပြသလျက်ရှိသည်။

**ဆက်လက်ခွဲစိတ်ကုသပေးမည်**

မျက်စိခွဲစိတ်မှုကို ရန်ကုန်တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ဇွန်လတွင် ဒုတိယအကြိမ် ထပ်မံ၍ယခုလို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယခုပထမဆုံးအကြိမ်အဖြစ် မေ ၇ ရက်မှ ၉ ရက်အထိ ပြင်ပလူနာအဖြစ် စမ်းသပ်စစ်ဆေး၍ ဆေးပေးကုသသည့် လူနာပေါင်း ၁၂၃၇ ဦးရှိပြီး ခွဲစိတ်ပေးရမည့် လူနာ ၃၂၉ ဦးရှိကာ ခွဲစိတ်ပေးပြီးသည့်လူနာ ၉၉ ဦး ရှိပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

# ကချင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်တွင် ပြိုင်ပွဲဝင်မည့်ယိမ်းအဖွဲ့များ ဝတ်စုံပြည့်လေ့ကျင့်ကပြမှု ကြည့်ရှုအားပေး



မြစ်ကြီးနား မေ ၁၀

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်ကို မြစ်ကြီးနားမြို့၌ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက် ၉ နာရီခွဲက မြို့တော်ခန်းမ၌ မဟာသင်္ကြန်ပွဲတော်တွင် ပြိုင်ပွဲဝင်မည့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့များ၏ ဝတ်စုံပြည့်လေ့ကျင့်ကပြမှုကို ကြည့်ရှုအားပေးသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ပြည်နယ်ဝန်ကြီးချုပ်က ယိမ်းအဖွဲ့များအနေဖြင့် မဟာသင်္ကြန်ပွဲတော်တွင် ဝင်ရောက်ကပြယှဉ်ပြိုင်ရခြင်းသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေကိုထိန်းသိမ်းခြင်းဖြစ်ပြီး မိမိတို့၏ စုပေါင်းအင်အား၊ စည်းလုံးမှုနှင့် ငြိမ်းချမ်းပျော်ရွှင်မှုကို သရုပ်ဖော်နေခြင်းဖြစ်သည်ဟု မှတ်ယူ၍ ယှဉ်ပြိုင်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားပြီး ဝတ်စုံပြည့် ကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးနှင့် ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ရိုးရာအစဉ်အလာမပျက် ကုသိုလ်ကောင်းမှုပြုသည့် အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**အလေးထားစီမံဆောင်ရွက်**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ်တွင် ကျရောက်မည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာနှင့်အညီ ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရေး လုပ်ငန်းဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင်မိမိတို့အနေဖြင့် မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ ပိုမိုစည်ကားသိုက်စွာဖြင့် အများပြည်သူ အေးချမ်းလုံခြုံစွာ ဆင်နွှဲနိုင်ရေးကို အလေးထား စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့အတူ မြန်မာ့ဓလေ့ထုံးစံနှင့်အညီ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် နှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ကောင်းမှုပြုသည့် အခမ်းအနားများကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## သီတာရေခင်းမြန်မာ့စိတ်ရင်း

* ရှက်ဝါကကြွေ လေကပွေ၍
နွေပီကာလခါသမယ
စမည်နှစ်သစ် မကြာဖြစ်သည်
ချစ်သောအတာ တို့မြန်မာ။

* ပိတောက်တွေဖူး ရွှေရည်လူး၍
ထူးသောသင်္ကြန် သူဝန်းရံကာ
မှန်ပင်ရောက်မြဲ ပါဝင်နွှဲ။

* ရေ၏သဘော ကြည်လင်နှောမို့
မောသမျှစင် စိတ်မှာရွှင်၏
တင်လာညစ်ကြေး သန့်စင်ပေး၏
အေးသောသတ္တိ ပင်ကိုရှိ၏။

* အဝါအစိမ်း ပိတောက်ကိန်းလို
သိန်းသန်းပြည်သူ ငြိမ်းချမ်းယူလျက်
တူညီလျှောက်တွဲ သာသည့်ပွဲကို
နွှဲကြည်ပျော်စွာ လျှောက်ကြပါ။

* ကျန်ခဲ့နှစ်ဟောင်း အဖြစ်ကောင်းကို
ဆောင်းကာသယ်ပိုး ပြည်အကျိုး။

* လွန်ပြီးနှစ်မျိုး အဖြစ်ဆိုးကို
ထိုးနှိမ်ဖျက်သိမ်း ပြည့်ရန်ငြိမ်း။

* ကမ္ဘာ့အလယ် မြန်မာ့နယ်သည်
ထည်ဝါဂုဏ်မြတ် ကောင်းခြင်းထပ်အောင်
နပ်ပါးသလေ ဉာဏ်မျက်ရှည်ဖြင့်
စေတနာသိ ဇွဲအရှိနှင့်
သုတိဝေဖြာ သင်္ကြန်ခါတွင်
သီတာရေခင်း မြန်မာ့စိတ်ရင်း။ ။

ညိုဝင်း(ချစ်မြေ)

❂ မဟာသင်္ကြန်မှ

သင်္ကြန်ရုံးပိတ်ရက်ရှည် အကြိုရက်များတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ် ဖူးမြော်မှုများပြားလျက်ရှိကာ သမိုင်းဝင်အထင်ကရဘုရားများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားဖူးလာရောက်သည့်ကားများ အလွန်များပြားလျက်ရှိသည်။

**လာရောက်ဖူးမြော်လျက်ရှိ**

ပုဂံ-ညောင်ဦးဒေသ၌ ပြန်လည်ဖွင့်လှစ်သည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာတို့တွင် လာရောက်တည်းခိုခြင်း၊ အွန်လိုင်းမှ ကြိုတင်ချိတ်ဆက်မှာယူထားခြင်းများ ၉၈ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးသူ တစ်ရက်လျှင် ၅၀၀၀၀ ကျော်ခန့် လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

# အလုပ်ရအောင် ရှာနည်း

ပီမိုးနှင်း

**အလုပ်လျှောက်တောင်းခြင်း၌ အရေးကြီးသောအချက်များ**

အလုပ်ကိုလျှောက်တောင်းဆိုရာတွင်မြန်မာလုလင်ပျိုကလေးများ စိတ်၌ မှားသောအချက်တစ်ခုရှိသည်မှာကား "သနားအောင်ပြောက အလုပ်ရမည်"ဟု ထင်မြင်ခြင်းသည် အလွန်မှားသော အချက်တစ်ရပ် ဖြစ်လေသည်။

ကျွန်ုပ်တို့ မဂ္ဂဇင်းတိုက်အတွက် စာရေးနှစ်ယောက် အလိုရှိသည်ဟု လွန်ခဲ့သည့်လက ကြော်ငြာလိုက်ရာ ကျွန်တော့်မှာ "မိဘမရှိ၊ အားကိုးရာမဲ့ ဖြစ်နေပါသည်။ ကျွန်တော့်ကို သင့်တော်သောနေရာမှာ ခိုင်းစေတော်မူပါဟူသော အသနားခံစာများ ၃၀ ခန့် ရောက်ရှိရာ ၎င်းအလုပ်နှစ်နေရာအတွက် မည်သူ့ကိုပို၍ သနားရပါအံ့နည်း။ အကယ်၍ သနားသင့်ဆုံးသူများကို ရွေးချယ်ထားရမည်ဆိုသော် ကျွန်ုပ်တို့အလုပ်တွင်ကျယ်နိုင်ဦးမည်လော စသည်ဖြင့် တွေးတောရန် တစ်ချက်ဖြစ်၍နေပြန်လေသည်။ ဤကဲ့သို့ ရေးသားရာ၌ ကျွန်ုပ်တို့သည် မေတ္တာတရား၊ ကရုဏာတရား ကင်းမဲ့ရာရောက်၍ နေချေ၏။ သို့ရာတွင် အလုပ်အကိုင်ကြီး လုပ်ကိုင်သူမှာ မေတ္တာကရုဏာတရားသည် တစ်ကိစ္စ၊ အလုပ်ကို အလုပ်ဝတ္တရားနှင့်တူအောင် ဆောင်ရွက်ရခြင်းသည် တစ်ကိစ္စဖြစ်ကြောင်းကို ခွဲခြားဝေဖန်၍ သိတတ်ရလေသည်။

သနားကရုဏာရှိသဖြင့် မန်နေဂျာကို ဒါရိုက်တာလူကြီးများ တစ်ကျပ်၊ နှစ်ကျပ်၊ တစ်ထောင်၊ နှစ်ထောင် စသည်ဖြင့် အလကား ပေးကမ်းမစမူ ပေးကမ်းမစရာ၏။ အလုပ်ဝတ္တရား၌ကား အလုပ်ဝတ္တရားနှင့်တူအောင် ဆောင်ရွက်ခြင်းကား ငွေရှင် ကြေးရှင် ဓနရှင်တို့၏ ကြီးလေးစွာ ဂရုပြုအပ်သော အချက်တစ်ရပ်ဖြစ်လေသည်။

ထိုမှတစ်ပါးလည်း ဆွေမျိုးဉာတကာဖြစ်၍ အလုပ်ပေးအပ်ရန် တောင်းဆိုခြင်းလည်း မသက်ဆိုင်သော အကိုးအကားတစ်ရပ် ဖြစ်ပြန်လေသည်။ "သင်နှင့် ကျွန်ုပ်ကား ကမ္ဘာဦးသူတို့က ဆက်နွှယ်ပေါက်ပွားကြသဖြင့် ညီအစ်ကိုဆွေဉာတကာ တော်ပေသည်"ဟု အကိုးအကားပြောခြင်းကို လက်သင့်ခံရမူ ကျွန်ုပ်တို့ကိုယ်တိုင်ပင် လုပ်ကိုင်ရန်အလုပ်အနည်းငယ်မျှမရှိ ဖြစ်တော့မည်ဟူသော အခြေသို့ ရောက်ရှိပေမည်ကား မုချတည်း။

များမကြာမီက လုလင်ပျိုတစ်ယောက်သည် ကိုယ်တိုင်လာရောက်၍ ကျွန်ုပ်တို့ထံ အလုပ်တောင်းဆိုရာ၌ "ကျွန်တော့်ကို ဆွေမျိုးရင်းချာကဲ့သို့ သဘောထားပါ။ တူလိုသားလို သဘောထား၍ ခိုင်းစေတော်မူပါ"ဟူသော စကားများကို ပြောလေသည်။ ဤသို့သော နည်းမျိုးနှင့် မစကူညီခြင်းကို ရနိုင်ချေက ကျွန်ုပ်တို့ကိုယ်တိုင် ဝေလမင်းသားထံသွားရောက်၍ ကျွန်တော်တို့အား ညီရင်းအစ်ကိုလို သဘောထားပြီး ကြည့်ရှုမစပါ။ အိမ်တွင် အတူတကွနေခွင့်ပြုပါ။ အတူတကွ စားခွင့်ပြုပါဟု တောင်းဆိုခဲ့ပေမည်။

လခစား၊ စာရေးစာချီအလုပ်သမားကို အလိုရှိသောပုဂ္ဂိုလ်များသည် မိမိတို့ပေးမည့် လခနှင့် ထိုက်တန်ရုံမက ငါးရာ၊ ငါးထောင်ပို၍ အကျိုးရှိအောင် လုပ်ပေးနိုင်မည့်သူကိုမှ အလုပ်ပေးလိုကြသည်။ သို့ဖြစ်၍ မိမိအသုံးဝင်ပုံ၊ မိမိ၌အရည်အချင်းရှိခြင်းကို ယုံကြည်အောင် ဖော်ပြရခြင်းသည် အထူးအရေးကြီးလေသည်။

အလုပ်လျှောက်တောင်းခြင်းသည် မိမိ၏အရည်အချင်း၊ မိမိ၏ တတ်ကျွမ်းသော ပညာရပ်များကို ရောင်းချခြင်းဖြစ်လေရာ မိမိကုန်ကို ဝယ်ချင်အောင် ပြောဆိုပြသရောင်းချရသကဲ့သို့ မိမိအရည်အချင်း အကျင့်စာရိတ္တ ပညာအရပ်ရပ်ကို ပြောဆိုဖော်ပြရေးချရလေသည်။

အလုပ်လျှောက်ထားရာ၌ ရေးဦးစွာဆင်ခြင်ရန် ပထမအချက်တစ်ရပ်မှာ အပြိုင်များခြင်းဖြစ်လေသည်။ အလုပ်ပေးမည့် အလုပ်ရှင်တို့သည် အသိအမြင်ထက်သန်သူများဖြစ်ကြလေရာ ညာခြင်း၊ လှိုင်းခြင်း၊ လှည့်ပတ်ခြင်းတို့ဖြင့် အလုပ်ကိုတောင်း၍မရနိုင်၊ ၎င်းတို့၏ စိတ်၌ အဟုတ်တကယ်လိုချင်သောစိတ် ပေါ်ပေါက်၍လာအောင် ပြနိုင်ဖို့လိုလေသည်။ ထိုအလုပ်တွင် များစွာသော လျှောက်လွှာများအနက် မိမိ၏လျှောက်လွှာကို ရွေးကောက်ချင်အောင် ရေးသားဖော်ပြခြင်းဖြစ်လေသည်။

လျှောက်လွှာများစွာတို့အနက် မည်သည့်လျှောက်လွှာသည် အရေးအရာရောက်မည်ကို အလုပ်ပိုင်ရှင်များ သိလွယ်ကြလေသည်။ လျှောက်လွှာပေါင်း တစ်ရာလျှင် ကိုးဆယ်ခန့်မှာ အရာမရောက်သော လျှောက်လွှာများဖြစ်တတ်ကြလေရာ လျှောက်လွှာနှင့် လျှောက်သူမှာ ကိုးဆယ်၌မပါ၊ ၁၀ ဦးထဲတွင်ပါအောင် ရေးတတ်ဖို့လိုလေသည်။ ကံကောင်းရင်ရမှာပဲဟု မှတ်ထင်ကာ ပုံရေးထုံးတစ်မျိုးနှစ်မျိုးကို မှတ်သား၍ ရေးသားခြင်းသည် မအောင်မမြင်နိုင်သော နည်းလမ်းဖြစ်လေသည်။

အချို့လည်း စာပေရေးသားခြင်းနှင့်မဆိုင်သော အလုပ်တစ်ခုခုကို လျှောက်ရာ၌ အင်္ဂလိပ်စာ အတော်အတန်မျှ ရေးတတ်သူ Formula ပုံသေရေးနည်းစနစ်ကို အသုံးပြုသူများထံသွားပြီး လျှောက်လွှာကို အရေးခိုင်းကြ၍ ကိုးဆယ်အစုအဝေး များရာထဲသို့ ရောက်တတ်လေသည်။ သို့ဖြစ်လေရာ အများလျှောက်လွှာများနှင့် မတူခြားနားအောင် ဤလျှောက်လွှာကို ရေးသူဖြင့်နေရာကျလိမ့်မည်ဟူသော အားကိုးယုံကြည်စိတ်ပေါ်ပေါက်၍ ပေးအောင်ရေးရလေသည်။ ခုနစ်တန်း၊ ရှစ်တန်း၊ ဆယ်တန်း၊ အိုင်အေအောင်ရုံမျှ လူတိုင်းလျှောက်လွှာကို မရေးတတ်ပေ။ အဟုတ်တကယ် အသိအလိမ္မာ ဉာဏ်အမြော်အမြင်ရှိ၍ ရိုးရိုးနှင့်မှန်မှန် ပီပီသသရေးနိုင်သော ပုဂ္ဂိုလ်များအား ရေးပေးရန် တောင်းပန်အပ်လေသည်။

လျှောက်လွှာရေးခြင်းသည် ကြော်ငြာရေးခြင်းနှင့်တူလေရာ ငါပထမကျော်၊ ငါဘီအေဟု မှတ်ထင်ရေးသားတိုင်း အကျိုးမရှိတတ်ပေ။ နည်းလမ်းကို သိဖို့အရေးကြီးလေသည်။

မိမိကိုငှားလျှင် လခပေးရကျိုးနပ်မည်။ အဟုတ်တကယ် အကျိုးများအောင် လုပ်ကိုင်နိုင်သည်။ အလုပ်ကို အဟုတ်တကယ် နိုင်နင်းသည်။ အမှန်အသုံးဝင်မည်ဟူသော အချက်များကို စိတ်ချပိုင်နိုင်စွာ ဖော်ပြအပ်လေသည်။ အများရေးရိုး ရေးတမ်းစာမှာ အသက်မပါ၊ ယုံကြည်အားထားရန် အချက်အလက်မရှိတတ်ပေ။ မိမိလုပ်ရမည့် အလုပ်၌ ပျော်ပျော်ရွှင်ရွှင် စိတ်ပါကိုယ်ရောက် အစွမ်းကုန် လုပ်ကိုင်ဆောင်ရွက်ပါမည်။

မိမိ၏အလုပ်ကောင်းမှ မိမိတိုးတက်မည်ဟူသော အကြောင်းကို သိသူဖြစ်သည်ဟူသော အကြောင်းများကို ထင်ရှားအောင် ပြရလေသည်။ အခြားအလုပ်မရှိသဖြင့် "သစ်မရှိမီစပ်ကြား ဝါးပေါင်းကွပ်"ဟူသောအနေဖြင့် ရရာကိုလုပ်ဖို့ရန် သဘောနှင့် လျှောက်တောင်းခြင်းမဟုတ်ကြောင်း သိသာအောင်ဖော်ပြရမည်။ စင်စစ်မှာ အဟုတ်တကယ် အကျိုးရှိအောင်လုပ်သူတို့အား အလုပ်ပိုင်ရှင်များသည် ထိုက်သလို ချီးမြှောက်မြဲဖြစ်ကြလေသည်။

နောင် တစ်နှစ်ထက်တစ်နှစ် လခစားအလုပ်များ ပိုမို၍ အရေးကြီးပြီးလျှင် ရေးကကဲ့သို့ အကပ်ကောင်း၍ အလုပ်ရခြင်းမျိုးများ ရှိတော့မည်မဟုတ်။ အရည်အချင်းကောင်းမှ အလုပ်ရကြမည့်ခေတ်ကြီးရောက်၍လာတော့မည်ဖြစ်ရာ ထိုခေတ်မှာ ညာ၍မရသောခေတ်ဖြစ်လေသည်။ ထိုခေတ်၌ အစိုးရအလုပ်ထက် သူဌေးအလုပ်များကို ပိုမိုအားကိုးပြုကြရလိမ့်မည်။ သို့ဖြစ်သောကြောင့် အလုပ်လျှောက်ခြင်း၊ ရှာခြင်းအတတ်သည် အရေးကြီး၍လာလေသည်။

လျှောက်လွှာကိုမရေးမီ အရေးကြီးသောအချက်များကို ရှေးဦးပထမဆင်ခြင်ရမည်။ အဘယ်သို့သော အရည်အချင်းကို လိုသည်ဟူသောအချက်ကို စဉ်းစားရမည်။ ကြော်ငြာများမှာ အဘယ်လိုလူကို အလိုရှိသည်ဟု သေချာစွာ ဖော်ပြလေ့မရှိပေ။ သို့ဖြစ်လေရာ အလုပ်လျှောက်လိုသူသည် မိမိကိုယ်ကို အလုပ်ပိုင်ရှင်၏ နေရာ၌ထား၍စဉ်းစားရမည်။ ထိုအခါ အဘယ်ကဲ့သို့သောအချက်များကို ပိုင်နိုင်စွာ ဖော်ပြရမည်ဟူ၍ စိတ်၌ ပေါ်ပေါက်နိုင်လေသည်။

အလုပ်ဟူသမျှမှာ ဆိုင်ရာအရေးကြီးသော အချက်များရှိ၏။ ထိုအချက်များအပြင် အလုပ်၌ စိတ်ပါဝင်ပျော်ပိုက်ခြင်း၊ အလုပ်ကိုကောင်းသည်ထက်ကောင်းအောင် ကြီးပွားလိုသောစိတ်နှင့် လုပ်ကိုင်ဆောင်ရွက်လိုခြင်း၊ သစ္စာရှိခြင်း၊ အမိန့်ကိုလိုက်နာခြင်း ဤအချက်ကောင်းများကို ဖော်ပြရမည်။ မိမိကိုယ်တိုင် ကြီးပွားလိုသောစိတ်မရှိ၊ ခေတ္တထမင်းစားရရုံသဘောထား၍ အလုပ်လျှောက်သောသူများ၏ လျှောက်လွှာများမှာ ဖတ်ရုံနှင့်သိသာလေရာ ကိုးဆယ်စာရင်းသို့ သက်ဆင်းဖို့သာ ရှိလေသည်။

အလုပ်ကို မိမိတာဝန်ထက် ပိုမို၍လုပ်လိုသောစိတ်၊ အလုပ်ပိုင်ရှင်ကို မိမိ၏တာဝန်အပြင်၊ အပိုကူညီနိုင်သမျှ ကူညီလိုသောစိတ်ရှိရမည်။ မိမိ၌ စိတ်ကူးဉာဏ်၊ အကြံဉာဏ်ရှိခြင်း၊ အလုပ်နှင့်ဆိုင်ရာထက် ပိုမို၍ တတ်သိလိမ္မာခြင်း၊ ဉာဏ်အမြော်အမြင်များပါ ပြည့်စုံခြင်း၊ သေချာစေ့စပ်ခြင်း၊ စိတ်ကျေနပ်အောင် အထူးဆောင်ရွက်လိုခြင်း စသည့် အဖိုးတန်သော စိတ်ကောင်း၊ သတ္တိကောင်းများရှိကြောင်း ဖော်ပြရမည်။ အလုပ်နှင့်ပတ်သက်၍ မိမိကိုယ်တိုင် ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းကောင်းများရှိက စရိတ်ကုန်ခံ၍ပင် သင်ကြားလိုသောစိတ်ရှိကြောင်း၊ အလုပ်နှင့်ဆိုင်ရာ သိစရာ၊ တတ်စရာဟူသမျှကို ဆည်းပူးလိုသော စိတ်များရှိကြောင်း ဖော်ပြရမည်။ မိမိကို အသုံးပြုခြင်း၌ သုံးသူမှာ စိတ်ကျေနပ်လျက် ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်လောက်အောင် မိမိအား ခိုင်းစေသူကိုယ်တိုင်ကပင် ကြီးပွားတိုးတက်လိုသောစိတ်ပေါ်ပေါက်၍လာအောင် ကြိုးစားပါမည်ဟူသော အကြောင်းများကို သိစေရာ၏။

ဥပမာ-အဆောက်အအုံအင်ဂျင်နီယာ အလုပ်တိုက်၌ အလုပ်ကို လျှောက်ရာတွင် ထိုအလုပ်ဆိုင်ရာအရည်အချင်းများမှာ အတွက်အချက်၊ မြေတိုင်း၊ မျက်နှာပြင်ညှိခြင်း စသည်များဖြစ်၏။ အကယ်၍ ထိုအလုပ်ကိုလျှောက်ရာ၌ မိမိသည် အဆောက်အအုံအတတ်၊ မြေတိုင်းအတတ် စသည့်တစ်ခုခုကို သင်၍နေသဖြင့် မိမိသင်ကြားသောအတတ်၌ တိုးတက်ပေါက်ရောက်အောင် အလုပ်ကို အထူးဂရုစိုက် မှတ်သားလုပ်ကိုင်ပါမည်ဟူသောအချက်ကို ဖော်ပြလျှင် အမှန်အကျိုးများမည့် အလုပ်သမားတစ်ယောက်ဖြစ်သည်ဟူ၍ စွဲမှတ်ခြင်းပြုရပေမည် မလွဲပေတည်း။ မကြာခဏ ဂရုစိုက်၍ ပြောဆိုသတိပေး သင်ကြားနေရန်မလို၊ မိမိဘာသာ ဂရုစိုက်လိမ့်မည်ဟု စိတ်ချရသော အလုပ်သမားမျိုးကို အလုပ်ရှင်များသည် များစွာပိုမို၍ လိုချင်မြဲဖြစ်လေသည်။ ဤလိုလျှောက်လွှာမျိုးသည် တစ်ရာလျှင် တစ်ဆယ်၊ တစ်ရာလျှင် တစ်ယောက် အခြေအနေမျိုးသို့ ရောက်ရမည်မလွဲဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

# တစ်ဦးဦး၏ တစ်နေ့တာ ကောင်းမွန်ပါစေ

အောင်မြတ်စည်သူ

ဘတ်စကက်ဘောလုံးနည်းပြ ဂျွန်ဝူးဒင်အတွက် နေ့စဉ်ကို မိမိ၏အပြောင်မြောက်ဆုံးနေ့ ဖြစ်အောင် ဖန်တီးခြင်းသည် အတ္တကိုယ်ရေးဆောင်ရွက်မှုသက်သက်ဖြင့်သာ ပတ်သက်ခဲ့သည် မဟုတ်ချေ။ သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ "They Call Me Coach" ၌ သူသည် နေ့စဉ်ကို ဖန်တီးရာတွင် အရေးပါသော အချက်တစ်ချက်ကို ဆိုညွှန်းပြခဲ့သည်။

"ခင်ဗျားလို ဘယ်တော့မှ ပြန်ပေးဆပ်မှု မပြုနိုင်မယ့် လူအတွက် တစ်စုံတစ်ရာ လုပ်မနေဘဲနဲ့ ပီပြင်တဲ့နေ့ကို ခင်ဗျား မရှင်သန်နိုင်ဘူး"ဟု သူက ဆိုသည်။

ထိုအချက်ကို ကျွန်တော် သဘောတူသည်။ သို့သော် သူပြန်လည်ပေးဆပ်မှုမပြုနိုင်စေရန် သေချာသောနည်း တစ်နည်းရှိသည်။ ယင်းကား မည်သူလုပ်လိုက်မှန်း ခံရသူမသိနိုင်လောက်အောင် လျှို့ဝှက်စွာ ကောင်းမှုပြုခြင်းပင်ဖြစ်သည်။

ဤသည် ကျွန်တော့်ဘဝတစ်လျှောက်လုံး ရှိလာခဲ့သည့် သဘောတရားတစ်ခုတည်းသို့ သက်ဝင်မှုရှိစေသည်။ ယင်းကား ကိုယ့်ဘဝ ကံကောင်းမှုကို ကိုယ်ဖန်တီးသည်ဟုပင်ဖြစ်သည်။ အောင်မြင်ရန်အတွက် ကံကောင်းရန် လိုအပ်သည်ဟူသော စိတ်ကူးမှ ဤခံယူချက်က လာသည်မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် ဤသို့မဟုတ်ချေ။ သို့သော် ကံကောင်းခြင်းသည် သင့်ဘဝအတွက် ကြိုဆိုလက်ခံဖွယ်ရာ ဖြည့်စွက်ချက်တစ်ရပ် ဖြစ်သည်ဟူသော စိတ်ကူးမှဖြစ်သည်။

သင်သည် တစ်ပါးသူအတွက် ကုသိုလ်ကံကို ဖန်တီးပေးခြင်းဖြင့် သင့်အတွက်သင် ကံဖန်တီးနိုင်သည်။ အကယ်၍ ငွေကြေးအရ ထိခိုက်နေသူ တစ်ယောက်ကို သိပါလျှင် သင်သည် မည်သူ့ထံမှပို့မှန်းမသိဘဲ သူတို့ထံ ငွေဒေါ်လာ နှစ်ရာ၊ သုံးရာ ရောက်အောင် ဖန်တီးပေးခြင်းဖြင့် သူတို့ကို ကံကောင်းအောင် ပြုလုပ်နိုင်သည်။ တစ်စုံတစ်ယောက်ကို ကံကောင်းအောင် ပြုလုပ်ခြင်းဖြင့် သင့်ဘဝတွင်လည်း ကံကောင်းခြင်းသက်သက်ဟု ထင်မှတ်စရာ ကိစ္စတစ်ခုခုဖြစ်ထွန်းပေလိမ့်မည်။ မည်သည့်အတွက်ကြောင့် ဤသို့ဖြစ်သည်ကို ကျွန်တော် ရှင်းမပြနိုင်ပါ။ ယင်းအတွက် သိပ္ပံနည်းကျ အထောက်အထားမရှိပါ။ ထို့ကြောင့် နှစ်ခါ၊ သုံးခါ စမ်းကြည့်ပါ။

ဖြစ်ပေါ်လာသည့် အကျိုးရလဒ်နှင့်ပတ်သက်၍ ကျွန်တော် အံ့သြဖူးခဲ့သလို သင်အံ့သြလိမ့်မည်ဟု ထင်ပါသည်။ (ထို့ပြင် ငွေပေးခြင်းလည်းဖြစ်ရန် မလိုပါ။ ကျွန်တော်တို့တွင် တခြားပေးစရာများ အမြဲတစေရှိသည်)

သင်ကံကောင်းလာသောအခါတွင် ပို၍ စိတ်ဓာတ်တက်ကြွလာသည်။ သင့်ဘက်တွင် တစ်လောကလုံးရှိနေသည်ဟု သင်ခံစားမိ၍ပင် ဖြစ်သည်။

ဤအချက်ကို နည်းနည်းစမ်းသပ်ကြည့်ပါ။ ဤကိစ္စနှင့်ပတ်သက်ပြီး ဆင်ခြင်ဉာဏ်အဖြစ် ပုံဖမ်းနေသော သံသယ၏ အနှောင်အဖွဲ့မခံပါနှင့်။ တခြားသူတို့ ကံကောင်းအောင် သင်ပြုသောအခါ သင်ကြုံလာရသည့် အခြေအနေကိုကြည့်ပါ။ ။

Ref: Have a great day by Steve Chandler

# ကံကောင်းသူဖြစ်ချင်သလား

မောင်ထူးချွန်

ကံကောင်းသူဖြစ်နိုင်ဖို့ လူသားအားလုံးက မျှော်လင့်တောင့်တကြတာပါပဲ။ ကံကောင်းရင် ဘာတွေဖြစ်နိုင်သလဲ။ ကံကောင်းရင် ဘာမဆိုဖြစ်နိုင်တာပဲလေ။

ဒီလိုဆိုရင် ကံကောင်းအောင် ဘာတွေလုပ်ဆောင်ရမှာလဲ။ ရှင်းပါတယ်ကွယ်။ လောကကြီးမှာ ရှင်သန်အောင်မြင်ဖို့ဆိုတာ ဉာဏ်နဲ့ ဝီရိယနဲ့ ကြိုးစားမှ ကံကောင်းအောင်မြင်ကြရတယ်။

နေ့စဉ်ဘဝမှာ အချိန်ဇယားဆွဲပြီး မိမိကိုယ်ကိုကောင်းအောင်၊ တော်အောင် တည်ဆောက်ကြရမယ်။ ဦးစွာပထမ မိမိကိုယ်ကို ကောင်းစွာတည်ဆောက်ခဲ့ကြတဲ့လူတွေဟာ သူတို့ဘဝကိုလှပအောင်၊ မြင့်မားအောင် ဖန်တီးနိုင်ကြတယ်။ သူတို့အခုလို လူရာဝင်တာ၊ လူလေးစားကြည်ညိုခံရတာဟာ နေ့ချင်းညချင်း ရရှိလာတာမျိုးတော့မဟုတ်ဘူး။ သူတို့ဟာ အချိန်ကို အရင်းအနှီးပြုပြီး မိမိကိုယ်ကို အားကိုးတယ်။ မိမိကိုယ်တိုင်ကြိုးစားခဲ့ကြတယ်။ မိမိရဲ့ စိတ်ကို ပျော်ရာမှာပေါ်ရာမှာ မလိုက်စားဘဲ လုပ်ရမှာကိုပဲ လုပ်တယ်။ လုပ်သင့်တာကိုလုပ်တယ်။ မလုပ်ရမှာဆိုတဲ့ဟာမျိုး လုံးဝမလုပ်ဘူး၊ ရှောင်တယ်။ စိတ်ကို ထိန်းသိမ်းနိုင်ခဲ့တယ်။ ဒါကြောင့် တင့်တင့်တယ်တယ်ဘဝမျိုး ရလာကြတာပဲဖြစ်တယ်။

အတ္တာနော မေဝ ပထမံ၊ မိမိကိုယ်ကို ဦးစွာပထမ တည်ဆောက်ရမှာပါကလားဆိုတဲ့အချက်ကို ကောင်းစွာလက်ခံနားလည်ခဲ့ကြလို့ပဲ။ အတ္တသမ္မာပဏိဓိစမင်္ဂလာဆိုတဲ့ မိမိကိုယ်ကို စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူတဲ့ လူတော်လူကောင်းဖြစ်လာဖို့ စနစ်တကျစောင့်ထိန်းခဲ့ကြသူတွေမို့ပဲပေါ့။

အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာ အားကိုးကြိုးစားခဲ့ကြတာ အဓိကပါပဲ။

မိမိကိုယ်သာ အားကိုးကြိုးစားမှ ဘဝမှာ ထိုက်တန်တဲ့အောင်မြင်မှု၊ ထိုက်တန်တဲ့ရလဒ်၊ ထိုက်တန်တဲ့နေရာမျိုးတွေကို ရရှိပိုင်ဆိုင်ကြတာဖြစ်တယ်။

ဒါကြောင့် အသိအမြင်စောရင် အများကြီးအကျိုးရှိတယ်။

ငယ်ငယ်ရွယ်ရွယ်နဲ့သိရင် အကျိုးတရားအလွန်များတယ်။ သားငယ်၊ သမီးငယ်၊ မြေးအရွယ်တွေလည်း သိသင့်တယ်။ ဒါမှ ဘဝဖြတ်သန်းမှုမှာ အောင်မြင်ချမ်းသာမှုကို ပိုင်ဆိုင်ရရှိလာမှာပေါ့။


မြတ်စွာဘုရားရှင်က ကိုယ့်အားကိုယ်ကိုးရမယ်တဲ့။

အတ္တာဟိ အတ္တနော နာထောဆိုတာ ကြားဖူးကြမယ်ထင်ပါတယ်။

အခြားသူတစ်ပါးဆိုတာ မိမိရဲ့ အားကိုးရာ အမြဲတမ်းဘယ်ဖြစ်နိုင်ပါ့မလဲတဲ့။ မိဘဆွေမျိုးဆိုတာ ကျွေးမွေးပြုစုပေးတာမှန်ပါတယ်။ ထောက်ပံ့ကြည့်ရှုပေးတာ မှန်ပါတယ်။ သို့သော် အချိန်တစ်ခုပဲ။ အရွယ်မရောက်ခင်ပဲ ကြည့်ရှုနိုင်တယ်။

အရွယ်ရောက်ရင် ကိုယ့်လမ်းကိုယ်လျှောက်ကြရတယ်။

အသက်အရွယ်အနေနဲ့ ကြည့်ရင်



(၁၆)၊ (၁၇)၊ (၁၈) နှစ်အရွယ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ပြီဆိုတာနဲ့ ကောလိပ်၊ သိပ္ပံ၊ တက္ကသိုလ်တို့ကို မိဘတွေက ပို့ရပြီ။ ကျေးလက်တောရွာမှာနေတဲ့ မိဘနဲ့ ပညာသင်သွားရမယ့် သားတို့သမီးတို့ဟာ ခွဲခွာဝေးကွာသွားရပါပြီ။ ကောလိပ်၊ သိပ္ပံ၊ တက္ကသိုလ်ဆိုတာ ကိုယ့်ရပ်ကိုယ့်ရွာနဲ့ မဝေးလှပါဘူး ဆိုပေမယ့် အထက်တန်းကျောင်းသားကျောင်းသူဘဝနဲ့ လုံးဝမတူတော့ဘူး။

ကိုယ့်အားကိုယ်ကိုး ကြိုးစားကြရပြီ။

ဒီအခါမှာ အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာ အားကိုးပြီး တွေ့ကြုံရသမျှ အခက်အခဲတွေကို ကျော်လွှားဖြတ်သန်းရလိမ့်မယ်။ ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာ မိဘကလာပြီး နေရာတကာ မကြည့်နိုင်တော့ဘူးလေ။ မိမိဘာသာ စိတ်ထင်ရာစိုင်းပြီး စားချင်တာစား၊ ဝတ်ချင်သလိုဝတ်ဆိုရင် လွတ်သွားတတ်တယ်။

အပျံသင်စငှက်ငယ်ပမာပေါ့။

ငါ့ကိုယ်ငါ အားကိုးရမယ်ဆိုတာ နှလုံးသွင်းထားရမယ်။

ငါကိုယ်တိုင် အသိဉာဏ်ဗဟုသုတ စွမ်းအားခွန်အားရှိမှဖြစ်မယ်။ ခွန်အားပြည့်အောင် မိမိကိုယ်ကို တည်ဆောက်ရမယ်။ စာကြိုးစားမယ်၊ များများလေ့ကျင့်မယ်။ ငါ့ဘဝကို ကြိုးစားမှုလုံ့လဝီရိယနဲ့ တည်ဆောက်ရမယ်လို့ အမြဲသတိရှိနေရမယ်။

ဒီအချက်ကို မောင်တို့မယ်တို့ အလေးအနက်နားလည်ကြရမယ်နော်။

အတ္တသမ္မာပဏိဓိစမင်္ဂလာတဲ့ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းနိုင်တဲ့လူဖြစ်ရပါမယ်။ စိတ်အလိုမလိုက်ရဘူး၊ စားသင့်မှစား၊ သွားသင့်မှသွား၊ အပျော်အပါးမလွန်ကဲရဘူး။ အပျော်အပါးဆိုတာ အလွယ်တကူဆွဲဆောင်နိုင်တယ်။ စိတ်လွတ်ကိုယ်လွတ် မိဘရဲ့ အရိပ်က လွတ်လာပြီဆိုပြီး စိတ်ကို လွှတ်ထားလိုက်ရင် လွတ်ထွက်သွားပြီး အလွယ်တကူပျက်စီးနိုင်တယ်။

အတောင်ပေါက်စ ငှက်လေးတွေဟာ စွန်ငှက်၊ သိမ်းငှက်၊ အသားစားငှက်မုဆိုးတွေရဲ့ စားသောက်ကိုက်သတ်ခြင်းကြောင့် သေပွဲဝင်ကြရတာတွေ လောကတစ်ခွင်မှာ အများကြီးပဲ။

လူဟာ သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်မှ ရှင်သန်ရတယ်။ နိုင်ရာစား၊ ကြီးနိုင်ငယ်ညှဉ်း၊ မတရားမှု၊ ရက်စက်မှုတွေဟာ ကောင်းကင်က ငှက်လောကထဲမှာလည်းရှိတယ်။ ရေပြင်က ပင်လယ်သမုဒ္ဒရာထဲမှာလည်း ငါးကြီးကြီးက ငါးသေးသေးလေးတွေကို ဖမ်းယူစားသောက်သတ်ဖြတ်နေကြတာပဲဆိုတဲ့သဘောကို သိနားလည်နေရမယ်။

လောကကြီးမှာ ဉာဏ်နဲ့ ဝီရိယနဲ့ ကြိုးစားမှ ကံကောင်းကြရတာဖြစ်လို့ ပထမဦးစွာ မိမိကိုယ်ကို တည်ဆောက်ရမယ်။ မိမိကိုယ်ကိုအားကိုးပြီး ဉာဏ်နဲ့ ဝီရိယနဲ့ ကြိုးစားရမယ်။ ဒီလိုသာ လိုက်နာကျင့်ဆောင်နိုင်ရင် မောင်တို့မယ်တို့ဟာ ကံကောင်းသူဖြစ်လာပြီး အောင်မြင်ကြီးပွား ချမ်းသာပြီပေါ့ကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**ငွေကိုစုဆောင်းတတ်ပါစေ**

“အလွန်သုံးဖြုန်းတတ်သောသူသည် မွဲမည်ကို စိုးရိမ်ရသောဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏ တချို့တစ်ဝက်ကို စုဆောင်းလေတတ်သောအကျင့်တစ်ခုရှိရမည်။”

**ဆရာကြီးရွှေဥဒေါင်း(၁၈၈၉-၁၉၇၃)**

အောင်မြင်ကြီးပွားချမ်းသာလိုသော လူသားတိုင်းက အဓိကအားဖြင့် ငွေကြေးစီမံခန့်ခွဲမှုကို ကောင်းမွန်နိုင်နင်းစွာ ဦးစီးလုပ်ဆောင်တတ်ရန် အရေးပါလှသည်။

“သင့်ဝင်ငွေ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ စုဆောင်းပါ။ ယင်းသို့ မစုဆောင်းနိုင်လျှင် အနည်းဆုံး အချိန်ပိုအလုပ်လုပ်ပါ”ဟူ၍ စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ (၁၉၂၄-၂၀၁၁) က ရေးသားဖော်ပြခဲ့ဖူးသည်။

သို့ဖြစ်၍ မဖြစ်မနေငွေကြေးစုဆောင်းရင်းနှီးမြှုပ်နှံမှုပြုရန် သင့်စိတ်ကိုတုံးတုံးချဆုံးဖြတ်ထားရမည်။ ယင်းသည်ပင်လျှင် သင့်အားပြီးမြောက်အောင်မြင်စေနိုင်သည်ဟုလည်း အဆိုပါစာရေးဆရာက ဆိုထားသည်။

“ချွေတာစုဆောင်း သူဌေးလောင်း” ဟု မြန်မာဆိုရိုးစကားလည်း ရှိသည်။

ငွေကို ချွေတာစုဆောင်းခြင်းအားဖြင့် တဖြည်းဖြည်းစုစည်းမိလာကာ ငွေလုံးငွေရင်း တိုးတက်ကြီးထွားလာပြီး အရင်းအနှီးများအဖြစ် တိုးပွားရရှိလာနိုင်သည်ဖြစ်ရာ ငွေကိုချွေတာစုဆောင်းခြင်းအလုပ်မှာ လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းစဉ်လည်းဖြစ်သည်။

ထို့ကြောင့် ရရှိလာသောဝင်ငွေကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စနစ်တကျသုံးစွဲတတ်ရမည်။ သို့မှသာ ရသမျှဝင်ငွေအနေအထားမှ ခြိုးခြံချွေတာ စုဆောင်းမှုအတိမ်အနက်ပေါ်မူတည်ကာ ငွေကြေးပိုင်ဆိုင်စုစည်းနိုင်မှုသည်လည်း သိသာစွာကွာခြားလာမည်မှာသေချာသည်။

ယင်းကြောင့် ငွေဖြုန်းတီးမှုမဖြစ်စေဘဲ စုဆောင်းမှု၊ ချွေတာမှုတို့မှ ငွေကြေးလက်ဝယ်ပိုင်ဆိုင်နိုင်မှု စွမ်းအားမြင့်မားလာသည်နှင့်အမျှ ငွေကြေးကြွယ်ဝမှုကို စတင်ခံစားလာရပေမည်။ ယင်းသည် ကြီးပွားချမ်းသာမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်ရန် လမ်းစဖြစ်ကြောင်း



ယုံမှားသံသယဝင်စရာ မလိုပေ။

“ကိုယ့်အစွမ်းအစ မဟုတ်ဘဲ အချောင်ဆက်ခံရရှိသော ငွေကြေးတို့သည် အောင်မြင်ခြင်းအတွက် အနှောင့်အယှက်ဖြစ်တတ်၏။ အချောင်ရသောငွေကြေးသည် မွဲခြင်းထက်ဆိုးသေး၏။”ဟု စာရေးဆရာကြီး ရွှေဥဒေါင်းက အကြံဉာဏ်ဖြင့်ကြီးပွားရေးစာအုပ်တွင် ဖော်ပြထားသည်။

ကြီးပွားချမ်းသာလိုသော လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ငွေကြေးစီမံခန့်ခွဲ အသုံးပြုတတ်ရန် လွန်စွာအရေးကြီးကြောင်း ပြဆိုထားမှုများကိုအလေးထားလိုက်နာသင့်ပေသည်။

ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီက ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ စုဆောင်းကာ အသုံးစရိတ်ကိုရေးချပြီး ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ရန် လမ်းညွှန်ထားသကဲ့သို့ မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်းကလည်း ငွေကြေးရှာဖွေသုံးစွဲမှု၊ ငွေကြေးစုဆောင်းမှုတို့နှင့်ပတ်သတ်၍ လမ်းညွှန်ရေးသားထားမှုများစွာရှိကြောင်း မှတ်သားဖူးသည်။

“လောင်းကစားသောနည်းမျိုးဖြင့် ငွေရှာခြင်းသည် များစွာသောသူတို့ကို ပျက်စီးခြင်းတိုင်စေ၏။ ဖဲရိုက်ခြင်း၊ မြင်းလောင်းခြင်းတို့သာ လောင်းကစားမဟုတ်။ ကူးသန်းရောင်းဝယ်မှုတို့တွင်လည်း မျက်စိကို မှိတ်၍လုပ်ရသဖြင့် လောင်းကစားခြင်းနှင့်တူသော အလုပ်မျိုးရှိသေး၏။ ဤနည်းမျိုးဖြင့် စီးပွားရှာခြင်းသည်လည်း ပျက်စီးခြင်းသို့တိုင် ရောက်တတ်၏။ သို့သော်တွက်ချက်ပြီးနောက် လာဘ်မြင်သဖြင့် သူတစ်ပါးမလုပ်ဝံ့သောအလုပ်မျိုးကို စွန့်စားလုပ်ကိုင်ခြင်းနှင့် လောင်းကစားခြင်းတို့သည် များစွာခြားနား၏။ စွန့်စားလုပ်ကိုင်ခြင်းမည်သည် စိတ်ကူးကောင်းလျှင် အခါခပ်သိမ်းနိုင်တတ်၏။ လောင်းကစားမှုကားသူတစ်လှည့်၊ ငါတစ်လှည့်ဖြစ်တတ်၍ အခါခပ်သိမ်းမနိုင်နိုင်ချေ”

“ကိုယ့်အစွမ်းအစမဟုတ်ဘဲ အချောင်ဆက်ခံရရှိသော ငွေကြေးတို့သည် အောင်မြင်ခြင်းအတွက် အနှောင့်အယှက်ဖြစ်တတ်၏။ အချောင်ရသောငွေကြေးသည် မွဲခြင်းထက်ဆိုးသေး၏။”

“အလွန်သုံးဖြုန်းတတ်သောသူသည် မွဲမည်ကို စိုးရိမ်ရသောဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏တချို့တစ်ဝက်ကို စုဆောင်းလေတတ်သောအကျင့်တစ်ခုရှိရမည်”

“လက်ထဲတွင် လက်ကျန်ငွေရှိသောသူသည် မွဲသွားမည်ကို ကြောက်ရွံ့နေရသောဘေးမှ လွတ်မြောက်သည့်အပြင် အလုပ်အကိုင်ကိုလည်း ရွေးချယ်နိုင်ခွင့်ရှိ၏။ လက်ကျန်ငွေမရှိသောသူမူကား တွေ့ရာအလုပ်ကို လုပ်ရတတ်၏။” ယင်းတို့မှာ ဆရာကြီးရွှေဥဒေါင်း၏ လမ်းညွှန်မှုများစွာတို့မှ အချို့ပင်ဖြစ်သည်။

သို့ဖြစ်သောကြောင့် ငွေကြေးစီမံခန့်ခွဲတတ်ရန်နှင့် ငွေကြေးစုဆောင်းနိုင်ခြင်းတို့မှာ အထူးလိုအပ်လှပြီး ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များ လိုက်နာကျင့်ဆောင်နိုင်ခြင်းအားဖြင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ပေတော့သည်။ ။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓါတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီလ၊ ၂၀၂၃)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ဟိုပုံးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

ဟိုပုံး ဧပြီ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ဧပြီ ၈ ရက် နံနက်ပိုင်းက လွယ်အွန့် ကျေးရွာအုပ်စု နောင်ခုံးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က ရန်ပုံငွေထုတ်ချေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ခုံးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူစုစုပေါင်း အသင်းသားအသင်းသူ ၇၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၈ သိန်းအား တစ်ဦးချင်းလက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)တွင် သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက်ကျင်းပနိုင်ရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု မြန်မာဟန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း ပြည်သူများစိတ်အပန်းဖြေစေရန် ခါသင်္ကြန် အဆို၊ အက အစီအစဉ်တင်ဆက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သင်္ကြန်တေးသီချင်းများဖြင့် ရိုက်ကူးရေးဆောင်ရွက်လျက်ရှိကြရာ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "မြန်မာအလှ သက်သေ"၊ "ရွှေပြည်အေးတဲ့ ပြည်ထဲရေးသင်္ကြန်"နှင့် "တန်ခူးမေတို့ရဲ့ ဒဂုံ(၁)သင်္ကြန်" တေးသီချင်းများဖြင့် ရိုက်ကူးရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့်ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလေ့လှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## သွာနုတ္တ (သမာနုတ္တာ) သားဖြစ်ကြောင်း သက်ဆိုင်သူ အများသိစေရန်ကြေညာခြင်း

ဦးသိန်းဝင်းဇော် (၁၂/လမန (နိုင်) ၁၃၃၁၂၈) နှင့် ဒေါ်တင်လတ်မင်း (၅/မရန (နိုင်) ၀၁၂၅၅၉) တို့၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်တွင်ဖော်ပြပါအတိုင်း သက်ဆိုင်သူအများသိစေရန် ကြေညာမှုပြုအပ်သည်မှာ–

ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူများဖြစ်သည့် ဦးသိန်းဝင်းဇော် နှင့် ဒေါ်တင်လတ်မင်း တို့၏ သားအရင်းဖြစ်သူ မောင်ဝင်းပိုင်ကျော် (၁၂/လမန (နိုင်) ၁၅၁၁၈၃) သည် မိဘများဖြစ်သည့် ဦးသိန်းဝင်းဇော် နှင့် ဒေါ်တင်လတ်မင်း တို့မှ မိဘဝတ္တရားနှင့်အညီ အကြိမ်ကြိမ်ပြောဆိုဆုံးမမှုများအပေါ် နာခံမှုအလျဉ်းမရှိဘဲ၊ မိဘများ လုံးဝ (လုံးဝ) ခွင့်မလွှတ်သည်းမခံနိုင်သည့်လုပ်ရပ်များအား မိဘများ၏ဆန္ဒနှင့်ဆန့်ကျင်၍ မိဘများ တားမြစ်မှုအပေါ် နာခံမှုမရှိဘဲ မိမိသဘောဆန္ဒဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည့်အတွက် မိဘများအနေဖြင့် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုများနှင့်ခံစားနေခဲ့ရပြီး စီးပွားရေးလုပ်ငန်းများမလုပ်ဆောင်နိုင်လောက်အောင် လူမှုရေး၊ ကျန်းမာရေးတို့မှအစ ထိခိုက်ခံစားနေမှုများဖြစ်နေရခြင်းကြောင့် ဤကြေညာချက်ပါရှိသည့် နေ့/ရက်မှစတင်၍ မောင်ဝင်းပိုင်ကျော် (၁၂/လမန (နိုင်) ၁၅၁၁၈၃) အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ အမွေမခံထိုက်သော သွာနုတ္တ (သမာနုတ္တာ)သားအဖြစ် သက်ဆိုင်သူ အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။ နောက်နောင် မောင်ဝင်းပိုင်ကျော် (၁၂/လမန (နိုင်) ၁၅၁၁၈၃) နှင့် ပတ်သက်၍ မည်သည့်ကိစ္စရပ်အဝဝကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါကြောင်းလည်း ထပ်ဆင့်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

**ဦးချစ်ကိုကို**
(စဉ် – ၂၈၀၃/၁၉၈၄)
တရားလွှတ်တော်ရှေ့နေနှင့်နိုတာရီပဗ္ဗလစ်

**ဦးရာဇာဝင်း**
(စဉ် – ၁၄၃၁၈/၂၀၁၈)
တရားလွှတ်တော်ရှေ့နေ

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၁ ၂၅၂၉၂၄၊ ၀၉–၅၁၀၀၁၂၈၂၊ ၀၉–၂၆၄၉၈၁၀၀၅၊ ၀၉–ရ၅၈၂၃၀၀၂၀၊ ၀၉–၄၂၀၀၂၉၄၁၄

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၅၂)၊ လူနေရပ်ကွက်အမှတ်(–)၊ မြေကွက်အမှတ်–(၂၈/ခ)၊ အလျား(၂၅)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၁၅၀၀)စတုရန်းပေ၊ ဦးကြည်ညွှန့်(RGN–၀၀၅၈၆၅) အမည်ပေါက်၊ မြေအမျိုးအစား–ပါမစ်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅၂)ရပ်ကွက်၊ ခိုင်သဇင်(၁)လမ်း၊ အမှတ်(၂၈/ခ)ဟုခေါ်တွင်သော မြေကွက် နှင့်အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်သီတာအေး [၁၁/မအန (နိုင်)၀၂၆၀၉၇]မှ လက်ရှိထား ပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ–**

**ဒေါ်အေးသန့်ဇင် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၄၆)**
**ဦးအောင်မျိုးခိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၄၇၃၆)**
**အမှတ်(၁၉)၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၉၀၀၃၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ ရာဇသင်္ကြန်(၂)လမ်း၊ မြေကွက်အမှတ်(၈၉/က)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ဧရိယာ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းရင် [၉/ရမသ(နိုင်)၀၀၆၆၂၂] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–6.D (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ်(၁၈)၊ မြေအကျယ်အဝန်း($\frac{၃၆}{၃၈}$ပေx$\frac{၈၆}{၈၆}$ပေ)ရှိ လိုင်စင်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–အရှေ့ကြို့ကုန်း၊ (၁)လမ်းတောင်၊ အမှတ်(၃၂၄/A)ဟုခေါ်တွင်သော RCနှစ်ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မြသူ အမည်ပေါက်မှတ်သားတည်ရှိသူထံမှ အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်များဖြင့် ဦးလှဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးလှဝင်းမှ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဇနီး ဒေါ်ငွေးငွေးမော် [၁၂/အစန(နိုင်)၁၀၅၂၅၇]က ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သီတာအောင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၉၈/၂၁)**
**ဒေါ်ခင်ပြုံးလှိုင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၄၉၂၉၉)**
**ဖုန်း–၀၉–၄၂၃၆၅၄၀၄၀၊ ၀၉–၇၇၃၁၃၁၄၈၄**

# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၂၃–၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး (၃၀'x၃၄'x၁၁'.၇") ရုံး(၁၀၀) ဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)တရားရုံးအဆောက်အဦသစ် (၈၀'x၄၀'x၇၁')တွင် တရားခွင်များ ပြင်ဆင်ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(ပြည်လမ်းနှင့်အလုံလမ်းထောင့်လွှတ်တော်ရုံးဝင်း)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | တင်ဒါရောင်းချမည့်ရက် | – (၁၈–၄–၂၀၂၃)ရက်နေ့ |
| ၄။ | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | – (၁၈–၅–၂၀၂၃)ရက်နေ့ |
| ၅။ | တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန် | – (၂၂–၅–၂၀၂၃)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ |

၆။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း–၀၁–၈၂၁၁၃၇၀**

## ဒေါ်စန္ဒာ(ခ)ဒေါ်နီလာစန်း နှင့် သက်ဆိုင်သူများ သိရှိစေရန် ကြေညာချက်

ခနုဖြူမြို့နယ်၊ ရေလဲကျေးရွာအုပ်စု၊ တင်းကုတ်စုကျေးရွာနေ ဒေါ်ကျင်ထွေး (ဘ)ဦးဝင်း[၁၄/ခနဖ(နိုင်)၀၇၂၈၁၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်စန္ဒာ (ခ) ဒေါ်နီလာစန်းနှင့် သက်ဆိုင်သူများသိရှိစေရန် အောက်ပါအတိုင်း ကြေညာလိုက်သည်–

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်းနေ ဒေါ်စန္ဒာ(ခ)ဒေါ်နီလာစန်းသည် ဒေါ်ကျင်ထွေးနှင့် ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများကို အကြောင်းပြုပြီး ဒေါ်ကျင်ထွေးသည် ဒေါ်စန္ဒာ(ခ)ဒေါ်နီလာစန်းထံမှ ငွေကြေးချေးငှားရယူသုံးစွဲခဲ့ခြင်း လုံးဝမရှိပါဘဲလျက် ၎င်းထံမှ ချေးယူငွေများကို ပြန်မဆပ်ဟုမမှန်မကန်စွပ်စွဲပြောဆိုပြီး ဒေါ်ကျင်ထွေး၏ နေအိမ်နှင့် ဒေါ်ကျင်ထွေး၏ သားသမီးများ စီးပွားရေးလုပ်ကိုင်နေသည့် အဆောက်အအုံများနှင့် မိသားစုဂုဏ်သိက္ခာအရှက်ရစေရန်၊ ဆိုရှယ်မီဒီယာများတွင် ပျံ့နှံ့သွားစေရန် လိုင်းပေါ်တင်လိုက်မည်ဟုလည်းကောင်း၊ မမှန်မကန်ခြိမ်းခြောက်နေမှုများ၊ စွပ်စွဲပြောဆိုနေမှုများကို လုံးဝမပြုလုပ်တော့ဘဲ ရပ်ဆိုင်းလိုက်ရန် တောင်းဆိုလိုက်သည်။ လိုက်နာဆောင်ရွက်မှုမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်စန္ဒာ(ခ)ဒေါ်နီလာစန်းနှင့် သက်ဆိုင်သူများ သိရှိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိမ်းညိမ်းထွေး(LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၅)**
**ဒေါ်နန့်အိဆုမွန်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၄၉၄၀၁)**
**ဒေါ်အေးငြိမ်းသူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၂၃၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က)၊ မြေကွက်အမှတ် (စ/၁၈၇)၊ အရပ်အခေါ်အားဖြင့် အမှတ် (၈၂) ပဒေသာလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟု ခေါ်တွင်သော ဒေါ်စန္ဒာဝင်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၊ ဧရိယာအားဖြင့် (၀.၃၉၇ဧက) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်စန္ဒာဝင်း (ဘ) ဦးကျော်ဝင်း (PBDN – 003466) မှတ်ပုံတင်နံပါတ် [၁၂/ပဘတ(နိုင်)၀၀၈၇၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သီတာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၇/၁၀)**
**အမှတ် –၂၈၄၊ ဥဒ္ဒေနာ (၃) လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၀၂၂၀၁**

## “ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၄၊ မြေကွက်အမှတ်(၆၂၇)၊ ဧရိယာ – ၄၀'x ၆၀' ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးမျိုးအောင် [၁၂/ဗတထ(နိုင်)၀၂၄၇၅၃]ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးထွန်းကိုကိုလတ် [၈/ရနခ(နိုင်)၀၆၉၈၇၄]သည် နှစ်(၆၀) ဂရန်မူရင်းနှင့်တကွ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေသည် မြေကွက်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအားပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား မူရင်းများ ဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ပြည့်ပြည့်ချစ်**
**[၁၂/ဒဂတ(နိုင်)၀၇၆၄၀၆]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်သက်မာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၀၂၂)**
**ဖုန်း/၀၉–၇၉၂၇၂၃၄၈၂**
**ခ/၅၆၇၊ ပုလဲငွေရောင်လမ်းမကြီး၊ ၅၃ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း။**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်တွင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောက်ရွက်ဆဲလုပ်ငန်း(၂)ခုနှင့် လုပ်ငန်းသစ်စီမံကိန်း(၂၃)ခုဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစိုးရအဖွဲ့ရုံး)၊ ဂိတ်အမှတ်(၄)၊ အလုံလမ်းတွင် ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအတွင်း (ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | – ၂၇–၄–၂၀၂၃ ရက် |
| ၄။ | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | – ၁၂–၅–၂၀၂၃ ရက် |
| ၅။ | တင်ဒါဖွင့်မည့်ရက်/အချိန် | – ၁၆–၅–၂၀၂၃ ရက် နံနက် ၁၀:၀၀ နာရီ |
| ၆။ | တင်ဒါဖွင့်မည့်နေရာ | – ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ |

၇။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁–၈၃၀၂၅၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သီရိလမ်း၊ အမှတ်(၁၂၄၃)တွင် နေထိုင်သည့် ဒေါ်ဇင်မျိုးအေး[၁၂/ဗဟန(နိုင်)၀၉၀၉၃၅](ဘ)ဦးအေးကိုမှ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ အမှတ်(၄၁၆)၊ ရောဝတီဘဏ်လီမိတက်(ရုံးချုပ်)၊ ချေးငွေဌာန၊ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်(၈–၈–၂၀၁၉)ရက်က လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၂၈၅)ကို ဒေါ်ဇင်မျိုးအေး၏ ဆန္ဒအရ ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မျိုးအေး**
**[၁၂/ဗဟန(နိုင်) ၀၉၀၉၃၅]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အိမ်အမှတ်(၁၁)၊ မြေကွက် အမှတ်ပေါ်ရှိ (၇)ထပ်တိုက်၏ ၇–လွှာ(အေ)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးထွန်းမြင့်ထွန်း [၅/စကန(နိုင်)၁၄၈၄၂၈]ထံမှ ကျွန်ုပ်ဒေါ်လွင်လွင်ပြုံး [၁၂/ဥကတ(နိုင်)၀၄၆၈၉၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်သောကြောင့် ယင်းတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားပါမည်။

**ဒေါ်လွင်လွင်ပြုံး [၁၂/ဥကတ(နိုင်)၀၄၆၈၉၉]**
**ဖုန်း–၀၉–၂၅၀၅၀၈၅၈၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဣန္ဒာ(၅)လမ်း၊ အမှတ်(၆၃၇/ခ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ထွေး (မန်နေဂျင်းဒါရိုက်တာ) Top 1 Service Co.,Ltd ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

Top 1 Service Co.,Ltd ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ၏ ဝန်ထမ်းများဖြစ်သော (ဘ)ဦးမောင်မောင်ဦး၏ သမီး ဒေါ်ဆုပြည့်စုံ[၁၂/ဥကမ(နိုင်)၂၃၆၅၉၈]၊ ဒေါ်ဂျူးဂျူးစံ [၁၂/ဥကမ(နိုင်)၂၅၉၇၄၁]၊ (ဘ)ဦးစောဂျိန်း၏သား ဦးဝင်းသန့်အောင်[၁၂/တတန(နိုင်)၂၅၂၉၈၆]ကိုင်ဆောင်သူတို့သည် အထက်ဖော်ပြပါကုမ္ပဏီ၌ အစမ်းခန့်ကာလများ ကျော်လွန်ပြီးမှ (၃၁–၁၂–၂၀၂၂)ရက်နေ့မှ (၂)နှစ်စာချုပ်ဖြင့် တရားဝင်အမြဲတမ်းဝန်ထမ်းဖြင့် သဘောတူညီစွာ စတင်လုပ်ကိုင်ခဲ့ပြီး၊ အထက်ဖော်ပြပါ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွင် လုပ်ကိုင်နေသော အလုပ်သမားများ လိုက်နာရန် သတ်မှတ်ထားသည့် စည်းကမ်းချက် (၁၄)ချက်အား သိရှိနားလည်ပါကြောင်း စာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။

(၆–၄–၂၀၂၃)ရက်နေ့မှစ၍ ဒေါ်ဆုပြည့်စုံ၊ ဒေါ်ဂျူးဂျူးစံ၊ ဦးဝင်းသန့်အောင်တို့ (၃)ဦးသည် အေဂျင်စီနှင့်ချုပ်ဆိုထားသော စာချုပ်ပါအချက်အလက်များအား ဖောက်ဖျက်၍ ကုမ္ပဏီဒေတာများကို မိမိတို့သဘောဖြင့် သိမ်းယူခြင်း၊ ပြင်ပကိုယ်စားလှယ်အား မန်နေဂျင်းဒါရိုက်တာ၏ ခွင့်ပြုချက်မရဘဲ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အေဂျင်စီနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ဖျောက်ဖျက်ခြင်းများပြုလုပ်ခဲ့ပြီး အေဂျင်စီမှ ကြိုတင်အကြောင်းကြားမှုမရှိဘဲ မိမိတို့၏သဘောဆန္ဒအရ အလုပ်မှ နုတ်ထွက်သွားပါသဖြင့် အေဂျင်စီ၌ ဆောင်ရွက်ရန်ရှိသည့် အလုပ်ကိစ္စများအား (၇)ရက်အတွင်း အမြန်ဆုံးလာရောက် ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ Top 1 Service Co.,Ltd ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီနှင့် ၎င်းတို့ (၃)ဦးသည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း နှင့် ၎င်းတို့ဆောင်ရွက်သည့်ကိစ္စအဝဝနှင့် ပတ်သက်၍ အေဂျင်စီမှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တင်တင်ထွေး**
**(မန်နေဂျင်းဒါရိုက်တာ)**
**[၁၂/ဥကမ(နိုင်)၀၃၆၇၂၁]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အင်ကြင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၃၄)**
**အမှတ်(၂၀၅)၊ သန္တာ(၁၀)လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၅၁၈၆၀၄၊ ၀၉–၄၂၆၂၇၀၉၃**

## ဒေါ်ခင်ကြည်(ခနေဖြူ)
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြင်သာ(၁၁)လမ်းနေ (ဦးသန်းလှိုင်)၏ဇနီး၊ ဦးဌေးလှိုင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်သီတာဝင်း၊ ဦးကျော်လှိုင်-ဒေါ်လှလှသန်း၊ ဦးသောင်းထွန်း-ဒေါ်သဇင်ဦး၊ ဦးဇော်မင်းလှိုင်-ဒေါ်ယင်းမာဖြိုးတို့၏မွေးမိခင်၊ ကိုသူရဌေးအောင်၊ မဆုလဘ်ရတနာတို့၏အဘွား ဒေါ်ခင်ကြည်သည် ၁၀-၄-၂၀၂၃ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ၁၂-၄-၂၀၂၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသူတော်(ပခုက္ကူမြို့)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၃၀)နေ (ဒေါ်စန်း)၏ခင်ပွန်း၊ ညောင်ဦးမြို့နေ (ဦးမောင်ခို)-ဒေါ်ကံပိုက်၊ ဦးမျိုးမင်းသူ-ဒေါ်ခင်သက်မော်၊ ဒေါ်နီလာဝင်းသူ၊ ဒေါ်နီဇာလင်းသူ၊ ကိုနိုင်စည်သူ-မမေသူစိုးတို့၏ မွေးသဖခင်၊ မြေးခုနစ် ယောက်တို့၏ အဘိုး ဦးသူတော်သည် ၁၀-၄-၂၀၂၃(တနင်္လာနေ့) နံနက်၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၃ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးခင်ကြွယ်(ငြိမ်း)
### ကြည်း-၉၇၆၄
### ဗိုလ်သင်တန်းကျောင်း အပတ်စဉ်-၂၉
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံတော်သမ္မတရုံး
## အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းဖေ-ဒေါ်မမကြီး)တို့၏သား ရန်ကုန်မြို့၊ အမှတ်(၂၆) ဆန်းသစ်ဦးလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ဆွေဆွေလွင်၊ မြန်မာစာနည်းပြ(ငြိမ်း)၊ နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ကြွယ်၊ ဦးထင်ကြွယ်တို့၏ချစ်လှစွာသော ဖခင်ကြီး ဦးခင်ကြွယ်သည် ၁၀-၄-၂၀၂၃(တနင်္လာနေ့) ညနေ ၄:၄၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၃:၀၀ နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှဟန်
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(F)၊ ၁၀-လွှာ၊ အခန်း(၅)နေ (ဦးခင်မောင်-ဒေါ်မြမြ)တို့၏သား၊ (ဦးမြင့်အောင်)-ဒေါ်လှလှမြင့်၊ (ဒေါ်တင်တင်ဝင်း)၊ ဦးခင်လတ်-ဒေါ်နွယ်နွယ်ဦး၊ (ဦးကြည်ဝင်း-ဒေါ်သင်းသင်းရွှေ)၊ (ဦးဝင်းနိုင်)-ဒေါ်ခင်အေးဝင်းညိုတို့၏ ချစ်လှစွာသောညီ၊ ဦးလှိုင်မြင့်-(ဒေါ်မျိုးသန္တာအောင်)၊ ဦးအောင်သိန်း-ဒေါ်ခင်မြင့်ဝေ၊ ဒေါ်လှဲ့လှဲ့ဝင်းတို့၏ ချစ်လှစွာသောအစ်ကိုသည် ၁၀-၄-၂၀၂၃ရက်၊ နံနက် ၃:၀၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဦးလှဟန်
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(F)၊ ၁၀-လွှာ၊ အခန်း(၅)နေ (ဦးခင်မောင်-ဒေါ်မြမြ) တို့၏သား၊ (ဦးကြီးလှိုင်-ဒေါ်တင်လှ)တို့၏ သားသမက်၊ မမို့မို့ဟန်၊ ကိုကောင်းသက်စံ-မခိုင်စုလှ၊ ကိုမျိုးမင်းဟန်-မလင်းဇာနည်ဦး၊ သရုပ်ဆောင် ခင်ဝင့်ဝါ(ခ)မချောစုလှိုင်၊ မမြတ်သန္တာမိုးတို့၏ ချစ်လှစွာသော ဖခင်၊ မအေမရာခေတ်(ခ)သဲသဲတုံ၏ချစ်လှစွာသော အဘိုး၊ ဒေါ်ကြည်ကြည်ဆွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၄-၂၀၂၃ရက်၊ နံနက် ၃:၀၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြတ်မိုး
## အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြယမုံအိမ်ရာ(sony)၊ အမှတ်(၄၈)နေ(ဦးမြတ်လေး)(ရုပ်ရှင်)-ဒေါ်မြင့်မြင့်တို့၏သားကြီး၊ မသက်သက်ဦး၊ မသွယ်သွယ်မြတ်၊ ကိုအောင်မြတ်မျိုး(ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)တို့၏ချစ်လှစွာသော အစ်ကိုကြီး ဦးအောင်မြတ်မိုးသည် ၁၀-၄-၂၀၂၃(တနင်္လာနေ့) နံနက် ၃ နာရီတွင် အာယုအထူးကု ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှဖော်ဇံ
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
### BA, Hist, Astrology & Palmistry
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅-ရပ်ကွက်၊ စစ်ကိုင်း(၂၅)လမ်း၊ အမှတ်(၇၀၉/က)၊ ဒါဘာနေ (ဦးမောင်စိန်ဦး-ဒေါ်အောင်သန္တာ)တို့၏ သားထွေး၊ ဦးသာကျော်-(ဒေါ်သန္တာဖြူ)တို့၏ သား/သမက်၊ ဒေါ်မတင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမင်းခိုင်-ဒေါ်ဝင်းဝင်းလှိုင်၊ မစောပြည့်ဖုံ၊ ဦးခိုင်မြတ်စိုး-မစောငြိမ်းဖုံတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မနန်းစိုးစိုးလှိုင်(ခ) ရွှန်းလဲ့ရည်၏အဘိုး ဦးလှဖော်ဇံသည် ၁၀-၄-၂၀၂၃(တနင်္လာနေ့) နံနက် ၂:၅၀ နာရီအတွင် ၉၆ ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၄-၄-၂၀၂၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၂၃ရက်တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး၊ ရေစက်သွန်းချ အမျှအတန်း ပေးဝေမည်ဖြစ်ပါသောကြောင့် ဆွမ်းကျွေးတရားနာကြွရောက် ပါရန် ကျန်ရစ်သူမိသားစုမှ ညိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၆၀)၊ ၄-လွှာ(ဘယ်+ညာ)၊ (၂)ခန်းတွဲတိုက်ခန်းကို ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း [၁၂/ဒလန(နိုင်)၀၄၉၅၁၀]ထံမှ ကျွန်ုမ ဒေါ်ခင်မေကျော် [၁၂/အစန(နိုင်)၁၆၇၈၆၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ မည်သူမဆို ဤတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးတိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေကျော်**
**[၁၂/ အစန(နိုင်)၁၆၇၈၆၀]**
**အမှတ်(၁၄)၊ စိုက်ပျိုးရေးလမ်းသွယ်၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၄၂၂၉၁၁**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြအောင်
### ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ငြိမ်း)
### ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)နာယကကြီး
## အသက်(၇၄)နှစ်

ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)၏ နာယကကြီး ဦးမြအောင်သည် ၈-၄-၂၀၂၃(စနေနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ၉၆ ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းလဲကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။ နာယကကြီးဦးမြအောင် မြင့်မြတ်သည့် ဘုံဘဝသို့ ရောက်ရှိပါစေ။

**ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)**
**ဒါရိုက်တာနှင့်ဝန်ထမ်းများ**

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၇)၊ မြေကွက်အမှတ်-၄၁၄ ဟုခေါ်တွင်သော အမှတ်-(O-180)၊ ငွေနှင်းဖြူသစ်ခွလမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်တွင်တည်ရှိသော ဧရိယာ (၆၅၂၀)စတုရန်းပေ၊ (၀.၁၅၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ဖြစ်ကြောင်း၊ မိမိသာလျှင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်ခိုင်နွယ်လေး [၉/မဟမ(နိုင်)၀၁၁၈၇၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန့်သန့်လင်း [၁/မစန(နိုင်)၀၄၃၈၃၁] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းမော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၉၅/၁၆)**
**ရုံးခန်း(၇၃၇/၇၄၁)၊အခန်း(၀၀၅)၊မာလာနွယ်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၄၉၃၃၆၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ အမှတ်(၁၉၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ပထမထပ် (၂-လွှာ)၊ (ခေါင်းရင်းခန်း/ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁ ½ x၄၈) ပေရှိ တိုက်ခန်း(၂)ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်အေးအေးသွင်[၁၂/အစန(နိုင်)၁၆၁၈၂၀]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွန့် |
|---|---|---|
| B.Sc, DA, HGP, R.L, DBL, DML, DIL | LL.B | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၁၇၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ | ဖုန်း-၀၉-၄၂၀၃၅၉၆၃ | ဖုန်း-၀၉-၅၀၅၃၁၀၇ |
|---|---|---|

## "ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့ နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၂) ရပ်ကွက်၊ ပျူစောထီးလမ်း၊ အမှတ်(၁၃၁/က)ဟုခေါ်တွင်သော အလျား-၂၀ပေxအနံ-၆၀ပေ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လယ်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဒေါ်မြတ်နွယ်ဦး[၇/တငန(နိုင်)၁၁၃၀၁၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေအောင်[၉/မခန(နိုင်)၁၈၈၂၄၇]က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်ဝေဝေအောင် | ဦးအာကာဝင့်ဇော်(LL.B)၊ | ဒေါ်အိချွေစင်(LL.B,D.B.L) |
| [၉/မခန(နိုင်)၁၈၈၂၄၇] | (စဉ်-၁၆၁၆၉) | (စဉ်-၁၆၁၇၀) |

**တရားလွှတ်တော်ရှေ့နေများ**
**က/၇၂၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၄၅၉၉၆၊ ၀၉-၂၅၀၄၉၇၅၉၃**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်ဂေးထူး[၁၂/အစန(နိုင်)၁၅၆၀၆၆] (ခေတ္တအီဂျစ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏ မိတ်ဆွေနော်ဂေးထူးသည် ဖခင်ဦးစောဘဲ(ကွယ်လွန်)နှင့် မိခင်ဒေါ်နယ်လီ(ကွယ်လွန်)တို့မှ မွေးဖွားသည့် သားသမီး(၈)ဦးအနက်မှ (ပဥ္စမ)မြောက် သမီးဖြစ်ပါသည်။ မိဘများကွယ်လွန်သည့်အချိန်တွင် အမွေပုံပစ္စည်းအဖြစ် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းမကြီး၊ အမှတ်(၆၆၄)၊ အကျယ်အဝန်း(၃၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၁)လုံး ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနော်ဂေးထူးသည် အဆိုပါအမွေပုံပစ္စည်းဖြစ်သော မြေကွက်နှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား သမီးအရင်းဖြစ်သောကြောင့် အမွေခံစားခွင့် ခွဲဝေခွင့် ရရှိသူတစ်ဦးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့် အိမ်အား ကျွန်ုပ်၏မိတ်ဆွေနော်ဂေးထူး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ခွဲဝေခြင်းနှင့် အခြားတစ်နည်းနည်းတို့ဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၅၃)**
**အမှတ်-၄၅(စီ)၊ ဒုတိယထပ်၊ လမ်း(၅၀)၊ (အောက်ဘလောက်)**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၄၇၃**

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ
အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



သင့်
သွေးဖြင့်
အသက်ကယ်ပါ

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့်အချက်မှာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုအပ်မည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၅-၁-၂၀၂၃

## မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူး လာရောက်သူများပြား

ညောင်ဦး ဧပြီ ၁၀

မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သည့် ခရီးသွားပြည်သူများ များပြားလျက်ရှိကြောင်း ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ထံမှ သိရသည်။

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ✪





## ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၁၀

၁၃၈၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲနိုင်ရန်အတွက် အစီအစဉ်များစွာပါဝင်သည့် လမ်းလျှောက်သင်္ကြန်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရန်ကုန်မြို့တော်ရေသဘင်မဏ္ဍပ်အပြင် ပြည်သူ့ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်အစီအစဉ်ကို ထည့်သွင်းစီစဉ်ထားရှိပြီး ထိုလျှောက်လမ်းတစ်လျှောက်၌ နွေအပူကို သင်္ကြန်ရေနှင့်အတူ ရောင်စုံထီးအရိပ်တို့က အကာအကွယ်ပေးလျက်ရှိသည့်အပြင် မြန်မာ့ရိုးရာ ထန်းလက်တဲများတွင် အနားယူအပန်းဖြေနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံဆောင်ရွက်ထားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

### ယနေ့ ဖတ်စရာ

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**သင်္ကြန်ကာလအတွင်း မန္တလေးမြို့ပေါ်ရှိ သင်္ကြန်မဏ္ဍပ်များအား ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရန် စီစဉ်လျက်ရှိသည့် မန္တလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅